ပြန်လည်ကြွလာခြင်း၏ သတင်းကောင်း

APRIL 2021

HERALD *OF HIS* COMING

ခရစ်တော်၏ လက်ဝါးကပ်တိုင်

(The Cross Of Christ)

By J.C Ryle (1816–1700)

ငါဖြစ်လျှင် ငါတို့ သခင်ယေရှု၏ လက်ဝါးကပ်တိုင်တော်မှ တပါးအဘယ်အရာ၌ ဝါးကြွားခြင်း မရှိပါစေနှင့် (ဂလာတိ ၆:၁၄)

ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း သင်တို့အား ရှေးဦးစွာ အပ်ပေးသော အကြောင်းအရာဟူမူကား ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ (၁ကော ၁၅:၃)

အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာအသေခံတော်မူသော သခင်မှ တပါးအဘယ်အရာကိုမျှသင်တို့တွင် ငါမသိမှတ်ဟု ငါ့စိတ်ပြဋ္ဌာန်းခြင်းရှိ၏။ (၁ကော ၂:၂)

ရှင်ပေါလုက ခရစ်တော်၏ ကားတိုင်ကို အမှီပြုသည့်အချက်ကမှန်ကန်သည်ဟုသင့်အနေဖြင့် အသိအမှတ်ပြုနိုင်ပါသည်။ အပြစ်သားများ၏ အပြစ်ကို ဖြေဖို့ရန်အတွက် ကားတိုင်ပေါ်တွင် ခရစ်တော်၏ လုပ်ဆောင်ချက်ဖြစ်သော သေခြင်းတရားသည် ကမ္ဘာဦးကျမ်းကို စတင်ဖတ်ရှုသော အခါအမှန်တရားကိုကျွန်ုပ်တို့စတင်တွေ့ရှိနိုင်ပါသည်။ မြွေ၏ ဦးခေါင်းကို နှင်းခြေမည့်မိန်းမ၏ အမျိုးအနွယ်ဖြစ်သော ခရစ်တော်၏ အသေခံမည့် အကြောင်းကို စတင်ပရောဖက်ပြုခဲ့ပါသည်။ ယုဒလူမျိုးများ၏ သမိုင်းကြောင်းနှင့် မောရှေ၏ ပညတ်တရားများက အမှန်တရားကို ထင်ရှားစွာ ဖွင့်ပြခြင်းဖြစ်ပါသည်။ နေ့စဉ်နေ့တိုင်း ပသခါ သိုးသူငယ်၏။ အသွေးသွန်းခြင်းကိုတဲတော်၏ ဗိဇ္ဈာန်တော်၌ လုပ်ဆောင်သည့် အရာများသည် ခရစ်တော်အသေခံမည့်အကြောင်းကို ရှုပ်လုံးဖော်ခြင်းပင်ဖြစ်သည်။

ဗျာဒိတ်ကျမ်းကို ကျွန်ုပ်တို့ ဖတ်ရှုသော အခါ၌ကောင်းကင်ဘုံမှဂုဏ်ပြုသောမြင်ကွင်းတစ်ခုကို အမှန်ပင်တွေ့ရှိရပါသည်။ ထိုအခါပလ္လင် တော်မှ စသောသတ္တဝါလေးပါးနှင့် အသက်ကြီးသူတို့ အလယ်၌အသေသတ်ပြီး သက့ဲသို့သော သိုး သူငယ်သည်ရပ်လျက်ရှိသည်ကိုငါမြင်၏။သူသည်လာ

၍ ပလ္လင်တော်ပေါ်မှထိုင်တော်မူသောသူ၏ လက်ျာလက်မှစာစောင်ကို ခံယူလေ၏ (ဗျာဒိတ် ၅:၆)

ဤကောင်းကင်ဘုံ၏ အလယ်၌ မြင်တွေ့ရသော အဖြစ်အပျက်အားဖြင့် ခရစ်တော် အသေခံခြင်း၏ အမြင်တစ်ခုကိုကျွန်ုပ်တို့ကရရှိကြလိမ့်မည်ဖြစ်သည်။ရှင်ပေါလုက ကားတိုင်မှလွဲ၍အခြားသောအရာများကိုဂရုမစိုက်ပါ ယေရှုကဲ့သို့ပင် သူက အတိုက်ခံရသူဖြစ်ပါသည်။
သင်၏အသက်တာ၌လည်းယေရှု၏အသေခံခြင်းကို မြင်ယောင်လိုက်ပါကကားတိုင်ပေါ်မှခရစ်တော်၏ အသေခံခြင်းအပေါ်ရှင်သန်ဖို့ရန်အတွက် အရေးကြီးသောအရာတစ်ခုကိုမြင်တွေ့လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဓမ္မသစ်ကျမ်းထဲတွင်ကားတိုင်၌ အသေခံခြင်းနှင့် ပတ်သက်သော အကြောင်းအရာကို လေးကြိမ်ထက်ပိုမိုပြီးဖော်ပြခြင်းကအထူးကိစ္စတစ်ရပ်မဟုတ်ပါ။ Gospel ရေးသားသောသူ လေးဦးစလုံးက အနည်းငယ်စီဖော်ပြထားကြပါသည်။ ရှင်မသဲ၊ ရှင်လုကာ၊ ရှင်ယောဟန်တို့က ကျွန်ုပ်တို့သခင်၏ အတ္တုပတ္တိကိုယေဘုယျဖော်ပြလျက် ရှင်ယောဟန်က မဖော်ပြသော်လည်း အကြောင်းကိစ္စ မဟုတ်ပါ။ အထူးသဖြင့် ကားတိုင်အကြောင်းကိုတော့ လေးဦးစလုံးက ဖော်ပြခဲ့ကြပါသည်။ ဤအရာသာလျင် အဓိကအချက်ပင် ဖြစ်ပါသည်။

ကားတိုင်ပေါ်ရှိခရစ်တော်ထဲတွင်ကျွန်ုပ်တို့ မြင်တွေ့ရသည့် အရာများပညတရား၊ တန်ခိုးတော်၊ မျှော်လင့်ခြင်း၊ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ခွန်အားပေးခြင်းများပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ဤ အရာများကိုပိုမိုအလေးထားခဲ့ပါသည်။ကျွန်ုပ်၏စိတ်နှလုံးထဲတွင်ကားတိုင်နှင့်ရှင်သန်ခြင်းကလောကအရာများထက်ပိုပြီးကားတိုင်၏ခြေရာကိုသာ၍ ထိတွေ့စေသောကြောင့်စိတ်ကျေနပ်မှုကိုရရှိစေပါသည်။

ခမည်းတော်၏ ချစ်ခြင်းမေတ္တာ

အပြစ်ဖုံးလွှမ်းသောလောကထဲတွင် ဖခမည်းတော်၏ ချစ်ခြင်းမေတ္တာအတိမ်အနက် ကို ကျွန်ုပ်ပိုင်းခြားကာသိရှိနိုင်ပါမည်လား။ပိုမို ခင်ကျင်းပြသသော နေရာကကော ကျွန်ုပ်တွေ့ရှိနိုင်ပါမည်လား။ဆိုးသွမ်းခြင်းနှင့်ကျေးဇူးမသိသော နေ့စဉ်လည်ပတ်နေသောမျိုးစေ့ကြဲချိန်နှင့်ရိတ်သိမ်းချိန်ကို ကျွန်ုပ်မြင်တွေ့ပါမည်လား။

ဤသို့ မဟုတ်ပါ ကျွန်ုပ်က ကားတိုင်ပေါ်ရှိခရစ်တော်ကို ကြည့်သောအခါ ဤအချက်များထက်ပို သော ချစ်ခြင်းမေတ္တာကို မြင်တွေ့ရသည့် အရာမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ တင်မကဘဲအကျိုးတရားကိုတွေ့မြင်ရရှိပါသည်။ကျွန်ုပ်တွေ့ရှိသောအရာမှာဆိုးသွမ်းလှသောလောကကို ဘုရားသခင်ကချစ်ကာတဦးတစ်ယောက်မျှမပျက်စီးဘဲ ထာဝရအသက်ကိုရရှိဖို့ရန်အတွက် သူ၏တပါးတည်းသောသားတော်အားလောကသို့စေလွှတ်ခဲ့သည့်အချက်ပင်ဖြစ်ပါသည်(ယောဟန်၃:၁၆) ဘုရားသခင်ကကျွန်ုပ်တို့ကို ချစ်သောကြောင့်သူ၏ တပါးတည်းသောသားတော်ကိုပင်စွန့်ကာ ကျွန်ုပ်တို့အတွက် စေလွှတ်ခဲ့ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်ဆင်ခြင်မိသည့်အရာမှာ ကျွန်ုပ်တို့ကဲ့သို့သောအပြစ်သားများကို ဂရုစိုက်တန်ဖိုးထား

ကာ ကယ်တင်သည့်ဘုရားသခင်၏ ကြီးမားသော ချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။ထိုအပြင်ကားတိုင်ပေါ်ရှိ ခရစ်တော်ကို ကျွန်ုပ်ကြည့်သောအခါ သူ၏ ချစ်ခြင်းမေတ္တာကိုမတွေးတောနိုင်လောက် အောင်ပင်ဖြစ်မိပါသည်။

အပြစ်ဒုစရိုက်

ဘုရားသခင်၏ အမြင်တွင်ရှိသော အပြစ်၏ စက်ဆုပ်ဖွယ်ရာနှင့် ဆိုးကျိုးကို ကျွန်ုပ်ကမည်သို့ သိရှိနိုင်ပါမည်နည်း။ မည်သည့်နေရာတွင် ကျွန်ုပ်က ပိုမိုတွေ့နိုင်ပါမည်နည်း။ အပြစ်၏ ဆိုးကျိုးကြောင့် ရေကြီးရေလျှံမှုဖြစ်ခဲ့သည့် သမိုင်းကြောင်းကို ကျွန်ုပ်ကပြန်လှည့်စေပါသလား။ အပြစ်ကြောင့် ပျက်စီးသော သောဒုံနှင့်ဂေါမရာကဲ့သို့ပင်လယ် သေကမ်းခြောက်သို့ ကျွန်ုပ် သွားနေပါသလား။

ဤသို့မဟုတ်ပါ ကားတိုင်ပေါ်ရှိခရစ်တော်ကိုကြည့်ခြင်းဖြင့်ကျွန်ုပ်ကရှင်းလင်းစွာ တွေ့ရှိနိုင်ပါသည်။အပြစ်ကမဲမှောင်နေပြီးစက်ဆုပ် ဖွယ်ရာဖြစ်နေသော်လည်း ဘုရားသခင်သားတော် ၏ အသွေးတော်ကဆေးကြောနိုင်ကြောင်းကိုကျွန်ုပ်က တွေ့ရှိရပါသည်။အပြစ်ကြောင့်ကောင်းကင် တမန်များကပင် ကျွန်ုပ်တို့အကြားတွင် ငြိမ်းချမ်းရေးကို မလုပ်ဆောင်နိုင်သောအရာဖြစ် ပါသည်။ သို့သော် ဤအပြစ်တရားက ကျွန်ုပ်တို့ စင်ကြယ်စေသော သူ၏ ထံပါးမှ ကျွန်ုပ်ကိုခွဲထုတ်၍မရနိုင်ပါ။ ခရစ်တော်၏ အသေခံ ခြင်းမှတပါး မည်သည့်အရာ ကမျှ ကျွန်ုပ်ကို ပြန်လည်သင့်မြတ် အောင် မလုပ်ဆောင်နိုင်ပါ။ ဝါကြွားသော သူ၏ အပြစ်တင် ထိုက်သော စကားကို ကျွန်ုပ်ကြားသောအခါ အပြစ်ကို အလွန်ကျိုးဖြင့် ကျွန်ုပ်မဆင်ခြင်နိုင်ခဲ့ပါ။ သို့သော် လက်ဝါးကပ်တိုင်ရှိ ခရစ်တော်ကို မျှော်ကြည့်သောအခါ အပြစ်အနည်းကျဉ်းကိုပင်လျင်ကျွန်ုပ်တွေးတောလို့ မရတော့ပါ။

ပြည့်စုံသော ကယ်တင်ခြင်း

အပြစ်သားများအတွက်ဘုရားသခင်မစ တော်မူသည့် ပြည့်စုံသော ကယ်တင်ခြင်း၏ ပြည့်စုံခြင်းကို ကျွန်ုပ်သိရှိပါသလား။ သာ၍ထင်ရှားသည့်နေရာကို ကျွန်ုပ်တွေ့ရှိပါသလား။ သမ္မာကျမ်းရှိ ဘုရား သခင်၏ မေတ္တာဂရုဏာ တရားထဲသို့ ကျွန်ုပ် လျှောက်လှမ်းပါသလား။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဘုရားဖြစ်သည်ဟူသော ယေဘုယျအမှန် တရားထဲသို့ ကျွန်ုပ်ခိုလှုံပါသလား။ ကားတိုင်ပေါ်မှ ခရစ်တော်ကို ကျွန်ုပ်မကြည့်ဘဲဤသို့သော အရာ၏အထောက် အထားကိုကျွန်ုပ်မတွေ့နိုင်ပါ။ကျိန်ခြင်း အမင်္ဂလာ သစ်တိုင်ပေါ်တွင် ကျွန်ုပ်အတွက်အသေခံသော ယေရှု၏ မြင်ကွင်းနှင့်အတူ နာကျည်းသောနှလုံးသား တစ်ခုနှင့်အသိတရား၌ ဒဏ်ချက်ရာ ဖြင့် ကျွန်ုပ်၏ ကိုယ်စိတ်နှလုံးက ချမ်းမြေ့နိုင်ခြင်း မရှိပါ။ ဤနေရာတွင် ကျွန်ုပ်ပေးစရာအကြွေး အားလုံးကို ပြည့်စုံစွာ ပေးဆပ်ပေးခဲ့သည့် အကြောင်းကို ကျွန်ုပ်တွေ့ရှိရပါသည်။ ပညတ် တရား ဥပဒေ၏ ကျိန်စာကို ကျွန်ုပ်ကိုယ်စား ခံစားပေးကာ ချေဖျက်ပေးခဲ့ပါသည်။ ပညတ်တရား၏ တောင်းဆိုသမျှကို ပြည့်စုံစေခဲ့ပါသည်။ ကျွန်ုပ်ပေးဆပ်ရမည့် အပြစ်ကြွေးကိုပေးဆပ်ခဲ့ပါပြီ။နောက်တဖန်ပြန်လည်ပေးဆပ်ဖို့ရန်မလိုအပ်တော့ပါ။တခါတရံကျွန်ုပ် စဉ်းစား

မိသည့်အရာမှာကျွန်ုပ်ကကယ်တင်ဖို့ရန်မထိုက်တန်သောသူဖြစ်ပါသည်။

တကယ်ဆိုးသွမ်းနေသော ကျွန်ုပ်၏ မိုက်မဲမှုများအတွက် ကာရာနီ၌ အသွေးသွန်းခြင်းအကြောင်းကို ပိုမိုသိကျွမ်းလာသောအခါ ကျွန်ုပ်၏ မယုံကြည်ခြင်း သံသယစိတ်များအတွက် အဖြေတစ်ခုကိုရရှိခဲ့ပါသည်။ ထိုအရာကား ကားတိုင်ကို ကျွန်ုပ်ကြည့်ရှုသောအခါ တကယ်ဆိုး သွမ်းသော လူတွေအတွက်ကောင်းကင်လမ်းတစ်ခု ဖြစ်သည့် အချက်ကို သေချာစွာခံစားခဲ့ရပါသည်။

စင်ကြယ်သောအသက်တာအတွက် နှိုးဆော်ခြင်း

သန့်ရှင်းစင်ကြယ်သောသူတစ်ယောက်၏အသက်တာအတွက်ထက်မြက်သောအကြောင်းအရာများကို ကျွန်ုပ်တွေ့ရှိရပါမည်လား။

သူတို့အတွက်ကျွန်ုပ်တစ်ခုခုကိုလုပ်ဆောင်နိုင်ပါသလား။ ပညတ်တော် (၁၀)ပါးကို ကျွန်ုပ်လိုက် လျှောက်နိုင်ပါသလား။ သမ္မကျမ်းစာတွင်ဖော်ပြသည့် ကျေးဇူးတော်၏လုပ်ဆောင် ချက်သဘောတရားများကို ကျွန်ုပ်လေ့လာပါသလား။ ငရဲအပြစ်ဒဏ်နှင့် ကောင်းကင် ဆုလာဒ်ကို ကျွန်ုပ်ဆင်ခြင်ပါသလား။လုပ်ဆောင်ချက်ကတိုးတက်မှုရှိနေဆဲပင်ဖြစ်ပါသလား။ဟုတ်ကဲ့ကား တိုင်ပေါ်ရှိ ခရစ်တော်ကိုကျွန်ုပ်မျှော်ကြည့်ပါမည်။

ဤနေရာတွင် ခရစ်တော်ချစ်ခြင်း မေတ္တာ၏ချည်နှောင်ခြင်းကိုခံစားရပါသည်။ကျွန်ုပ်၏ အစွမ်းဖြင့်မဟုတ်ဘဲသူ့အားဖြင့်သာလျှင်ဖြစ်ပါသည်။ ယခုတွင်ကျွန်ုပ်ကိုကျွန်ုပ်မပိုင်တော့ပါ။ အဖိုးအခပေးလျက်ရွေးဝယ်ခြင်းကိုခံရပြီးဖြစ်ပါသည်။ ခရစ်တော်၏ခန္ဓာစိတ်ဝိညာဉ်ဘုန်းတန်ခိုးတော်ဖြင့်ချည်နှောင်ခြင်းကိုခံရပါပြီ ယေရှုကသူ့အသက်ကို ပေးဆပ်ကာ ကျွန်ုပ်ကိုရွေးနုတ်ခဲ့ရုံတင်မကဘဲ စင်ကြယ်သန့်ရှင်းစေပြီးကောင်းသောအမှုကို စိတ်ထက်သန်သောသူဖြစ်ဖို့ရန်လုပ်ဆောင်ပါသည်။ သစ်တိုင်ပေါ်တွင် ကျွန်ုပ်၏အပြစ်များကိုသူ၏ ကိုယ်ခန္ဓာ၌ သယ်ဆောင်ပေးခဲ့သောကြောင့်ကျွန်ုပ်၏ အပြစ်ကို သေဆုံးစေပြီးဖြောင့်မတ်ခြင်းဖြင့် အသက်ရှင်ဖို့ရန်ပင်ဖြစ်ပါသည်။ လောကကွပ်မျက်မှုက ကျွန်ုပ်အတွက်ဖြစ်ပြီး ကျွန်ုပ်ကလောကအတွက်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အပြစ်ကြောင့် ယေရှုသေဆုံးရသည့်အဖြစ်ကို သတိရကြမည်ဆိုလျှင် အပြစ်ကို ကျွန်ုပ်တို့ကမည်သို့ချစ်နိုင်ကြပါမည်နည်း။ အသေခံသောသခင်၏ နောက်လိုက်တပည့်များအဖြစ် စင်ကြယ်သောအသက်တာကိုဝတ်ဆင်ကာလျှောက်လှမ်းသင့်သည် မဟုတ်ပါလား။

ရောင့်ရဲရမည့်အချက်များ

အသက်တာကိုထိန်းသိမ်းကာမည်သို့ ရောင့်ရဲရမည့်အချက်ကိုကျွန်ုပ်သင်ယူပါသလား။ မည်သည့်ကျောင်းသို့ကျွန်ုပ်သွားရပါမည်နည်း။ ဤစိတ်ကူးကို ကျွန်ုပ်မည့်သို့ ထိန်းသိမ်းရပါမည်နည်း။ ဘုရား သခင်၏ ချစ်ခြင်းမေတ္တာထောက်မမှုနှင့် ပညတ်တရား၊ အခွင့်အာဏာကို ကျွန်ုပ်ကြည့်ရှုပါသလား။ ဤသို့ လုပ်ဆောင်ချက်ကကောင်းမြတ်ပါသည်။ သို့သော်အကောင်းဆုံးသောအရာတခုကရှိပါသေးသည်။ထိုအရာများကားတိုင်ထက်ရှိယေရှုခရစ်တော်ကို ကြည့်ရှုဖို့ပင်ဖြစ်ပါသည်။

ဘုရားသခင်က သူ၏တပါးတည်းသောသားတော်ကို စေလွှတ်ယုံတင်မကဘဲ ကျွန်ုပ်တို့

အတွက် အသေခံဖို့ရန် ပေးကမ်းခဲ့ပြီး သူနှင့်အတူ ကျွန်ုပ်၏လိုအပ်ချက်အားလုံးကိုလည်း ပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်၏ ဝိညာဉ်အတွက် နာကျဉ်းခြင်းကို သူကကြုံကြုံခံခဲ့ပါသည်။ အကောင်းဆုံး လုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်အတွက် ကြီးမားသောအမှုကို လုပ်ဆောင်ခဲ့ပါသည်။ သံသယရှိစရာ အနည်းငယ်ပင်မရှိပါ။ ကောင်းကင်အိမ်ကို ပိုင်ဆိုင်ဖို့ရန်အတွက် သူ၏ အသွေးတော်ကို သွန်းလောင်းပေးခဲ့ပါသည်။ သူ၏ လောက ခရီးစဉ်၌ ကျွန်ုပ်အတွက် စစ်မှန်သော အကျိုးတရားကို လုပ်ဆောင်ခံစားစေခဲ့ပါသည်။ ကားတိုင်၏ ခြေရာနှင့်နှိုင်းယှဉ်နိုင် အောင် ကျေနပ်ရောင့်ရဲမှုကို သင်ယူရမည့် ကျောင်းကတော့ ရှိမည် မဟုတ်ပါ။ ယခုဖတ်ရှုနေသော မိတ်ဆွေများ ခင်ဗျာ။ ကျွန်ုပ်တင်ပြသောကားတိုင်အကြောင်း အားဖြင့်အံ့သြမင်သက်နေပါသလား။ အံ့သြစရာမလို ပါဟု ထင်မြင်ပါသလား?

ဝိညာဉ်တော်တန်ခိုးတော် ဆင်းသက်ဖို့ရန် ဆုတောင်းခြင်း

(Prayer For The Spirit's Presence And Power)

By Rich Carmicheal

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် အမှောင်ထုက ကြီးစိုးပြီးလိမ်လည်လှည့်ဖြားခြင်း၊တရားမဲ့ပြုကျင့်ခြင်း စသောအပြစ်၏ ဆိုးသွမ်းမှုများက တိုးပွားလာသကဲ့သို့ဝေဖန်ပြစ်တင်မှုအကြားတွင် ကျွန်ုပ်တို့က အသက်ရှင်နေထိုင်ကြရပါသည်။ ဤသို့ မတရားမှုများတိုးပွားလာခြင်းသည်အံ့သြစရာတော့မဟုတ်ပါ။ သမ္မာကျမ်းစာ၌ ဤ အရာများကို ဖော်ပြထားခဲ့ပြီးဖြစ်ပါသည်။ ရှင်ပေါလုကိုယ်တိုင်က ဤသို့သတိပေးခဲ့ပါသည်။ နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟုသိမှတ်ကြလော့ (၂တိမော ၃:၁ မသဲ ၂၄: ၇-၁၃)စာတန်က သူ၏ အချိန်တို တောင်းသည်ကိုသိသောကြောင့် စိတ်ပျက်စရာများဖြင့် ဝိညာဉ် တိုက်ပွဲကို ဆင်နွှဲနေပါသည်။

ဤအရာအားလုံးက သူ၏ လုပ်ငန်းစဉ်ဖြစ်ပါသည်။ သို့သော် ဝမ်းသာစရာတခုမှာ သခင်ယေရှုက ငါ့အသင့်ကို ငါတည်ဆောက်မည်။ ထို အသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာဟု ပြောဆိုခဲ့ပါသည်။ (မသဲ ၁၆:၁၈) ကျွန်ုပ်တို့ ယုံကြည်သူများအနေဖြင့် ဘုရားသခင်၏ ချုပ်ဝတ်တန်ဆာကို ဝတ်ဆင်လျက် သူ၏ တန်ခိုးတော်ခွန်အားထဲတွင် သန်မာစွာရှိနေသူများဖြစ်သော ကြောင့်ဝမ်းသာစရာပင်ဖြစ်ပါသည်။(ဧဖက် ၆:၁၀-၁၈) ကျွန်ုပ်တို့ ဘုရားသခင်၏ အခွင့်အာဏာက အားလုံးပေါ်တွင်ရှိနေပြီး သူ၏ရည်မှန်းချက်ပြည့်စုံသည့်အချက်ကို သိကျွမ်းရသောကြောင့်ဝမ်းသာစရာပင်ဖြစ်ပါသည်။သခင်ယေရှုကမကြာခင်ဘုရင်တကာ၏ ဘုရင်၊ အရှင်တကာ၏ အရှင်ဖြင့် ကြွမြန်းလာကာ စာတန်ကို ထာဝရ နှင်ထုတ် မည်ဖြစ်သည်။

သို့ဖြစ်သောကြောင့်ဝမ်းနည်းစိတ်ပျက်ဘွယ်ရာ အခြေအနေအရပ်ရပ်က ကျွန်ုပ်တို့ကို ဝိုင်းနေသော်လည်း ကျွန်ုပ်တို့ နှလုံးသားတွင် ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံသော မျော်လင့်ချက် ကရှင်သန်နေပါ သည်။ ဤအချိန်က ကိုယ့်ကို ကိုယ် ကျုံးထားရမည့်အချိန်မဟုတ်ဘဲ အခွင့် အရေးကို

အကျိုးရှိစွာ အသုံးချကာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို အကျိုးသက်ရောက်စေရမည့် အချိန်ပင် ဖြစ်ပါသည်။ ယနေ့ရက်ကာလ တို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနုတ် ကြလော့ (ဧဖက်၅:၁၆)မဖြောင့်မမတ် မဖောက်ပြန် သော လူမျိုး အထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရား သခင်၏ သားဖြစ်ကြလိမ့်မည်။ အသက်ရှင်ခြင်း နှင့် ဆိုင်သော နုတ်ကပတ်တရားတော်ကို ပြသ၍ စကြာဝဠာ နေ၊ လ၊ ကြယ် နက္ခတ်သို့ ထို လူမျိုး အထဲ၌ ထွန်းလင်းကြ၏။ (ဖိလိပ္ပိ ၂:၁၅-၁၆)

ထို့အပြင် အောက်ပါချစ်စရာ ဖော်ပြချက် ကိုလည်းဆင်ခြင်ကြပါစို့-အကြောင်းမူကား မင်္ဂလာရှိသော မျှော်လင့်ရာကိုလည်းကောင်း၊ ကြီး မြတ်သော ဘုရားသခင်တည်းဟူသော ငါတို့ ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှု ခရစ်၏ ဘုန်းအသရေတော် ထင်ရှားပေါ် ထွန်း ခြင်းကို လည်းကောင်း၊ ငါတို့သည် မျှော်လင့်လျက် ဘုရား မဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ် ရှားလျက် ယခုဘဝ၌ ကြေွနေ့စောင့်ခြင်း၊ တရား သဖြင့် ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်း တို့ကို ပြုနေရမည်အကြောင်း ငါတို့ကိုဆုံးမ သွန်သင်၌လူအပေါင်းတို့ကို ကယ်တင် တတ်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ် ထွန်းလျက်ရှိ၏။ ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှငါတို့ကိုရွေးနုတ်၏ ခြင်းငှာ လည်းကောင်း၊ ကောင်းသော အကျင့်ဘက်၌ စိတ် အားကြီး၍ပိုင်ထိုက်တော်မူသောအမျိုးကိုမိမိအဘို့ စင်ကြယ်စေခြင်းငှာ လည်းကောင်းကိုယ်ကို ကိုယ် စွန့်ကြဲတော်မူ၏ (တိတု ၂:၁၁-၁၄)။

ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကိုယ်ပိုင် အသွေးတော်ဖြင့် ရွေးနုတ်ကယ်တင်ခဲ့သော သူ၏ ကိုယ်ပိုင်လူမျိုးများဖြစ်သောကြောင့်ယခုကာလထဲ တွင် ကျွန်ုပ်တို့ကဖြောင့်မတ်ခြင်းနှင့်ပြည့်စုံလျက် သူ၏ ဘုန်းတော်ထင်ရှားဖို့ရန်အတွက်ကောင်း သောအမှုကို လုပ်ဆောင်ကြဖို့ရန်ဖြစ်ပါသည်။

သဘာဝလွန်တန်ခိုးတော်၏ အရင်းအမြစ်

အသီးသီးခြင်းဖြင့် ရှင်သန်သောကျွန်ုပ်တို့ ၏ အသက်တာသည်တပါးသူများကမြင်၍ ယေရှု ထံ ချဉ်းကပ်ကြဖို့ရန်အတွက်ဖြစ်ပါသည်။ ထို့ ကြောင့်ကျွန်ုပ်တို့အသက်တာကိုထိတွေ့ခြင်းအား ဖြင့်အခြားသူများကိုအကျိုးပြုဖို့အရေးက ကျွန်ုပ် တို့၏ မျှော့်လင်ချက်ပင်ဖြစ်ပါသည်။ သူနှင့် ကွာလျင် ကျွန်ုပ်တို့က အသီးသီးနိုင်မည်မဟုတ်ပါ (ယောဟန် ၁၅:၅) ကျွန်ုပ်တို့ကကိုယ့်အစွမ်းအစ အရည်အချင်းပေါ်တွင်မှီခိုခြင်းဖြင့်အသီးသီး နိုင် ကြမည်မဟုတ်ပါ။ Jim Cymbala ရေးသား သလိုပင် ကောင်းကင်မှ အရာတခုက လိုအပ်နေ ပါသည်။ ထိုအရာမှာ သခင်တပါးထံမှ ထောက်ပံ့ သော ခွန်အားပင်ဖြစ်ပါသည်။ အထက်မှ လာ သော ပညာနှင့် တန်ခိုးတော်လိုအပ်ပါသည်။ ကျွန်ုပ်တို့အထဲတွင် အသက်စမ်းရည် စီးဆင်းဖို့ရန် လိုအပ်ပါသည်(ယောဟန် ၇:၃၈) သန့်ရှင်းသော ဝိညာဿတော်၏ အသီးကို သီးကာ ချစ်ခြင်း ဝမ်း မြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်သည်း ခံခြင်း၊ ဂရုဏာတရား၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိ ခြင်း၊ နူးညံ့သိမ်မွေခြင်းနှင့် ကိုယ်ကိုယ် ချုပ်တည်း ခြင်းဖြင့် ရှင်သန်ဖို့ရန်ဖြစ်ပါသည် (ဂလာတိ ၅:၂၂-၂၃)

ကျွန်ုပ်တို့၏သခင်က ကျွန်ုပ်တို့၏ လိုအပ် ချက်များကို လိုအပ်သည့်အရာထက်ပိုပြီး အသက် တာကို ဖြည့်ဆည်းပေးသောကြောင့် ကျေးဇူး ကြီးမားလှပါသည်။ A.W.Tozerက ဤသို့ တင်ပြခဲ့ ပါသည်။ ဘုရားသခင်က အကန့်အသတ်မရှိ,

အဆုံးမရှိသော ဘုရားဖြစ်သလို အကန့်အသတ်မရှိသော ချစ်ခြင်း မေတ္တာနှင့် ကရုဏာတော်ကိုလည်း ကျွန်ုပ်တို့ကိုဝေဒပါသည်။ ငါတို့၌ ပြုပြင်သော တန်ခိုးတော်အတိုင်း ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှာ တတ်နိုင်တော်မူသော ဘုရားသခင်ဖြစ်ပါသည် (ဧဖက် ၃:၂၀) ဘုရားသခင်၌ချဉ်းကပ်ကြလော့ သို့ပြုလျှင် သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည် (ယာ ၄:၈) ဘုရားသခင်က သူ၏ချစ်ခြင်းမေတ္တာတန်းခိုးတော်ဖြင့် ကျွန်ုပ်တို့၏အသက်တာကို ဖြည့်ဆည်းပေးပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ငန်းစဉ်

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ငန်းစဉ်က ခပ်သမ်းသောအရာအတွက်လိုအပ်သော အရာ ဖြစ်ပါသည်။ ယေရှုက တပည့်တော်များထံ၌ မိန့်ဆိုခဲ့ပါသည်။ သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ် တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုဆလင်မြို့မှစသော ယုဒပြည်၊ ရှာမာရ ပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏ (တမန် ၁:၈) တပည့်တော်များကလည်း သစ္စာရှိစွာ ဆုတောင်းလျက် စောင့်စားကြပြီးပင်သေကုတ္တေနေ့ရက်၌ သခင် ဘုရားက သန့်ရှင်းသော ဝိညာဉ်တော်ကို သူတို့အပေါ်သို့ သွန်းလောင်ခဲ့ပါသည်။ ဆက်လက်ပြီး သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝစေပါသည်(၄:၃၁) သူ၏ ရှေ့တွင် တန်ခိုးတော်ဖြင့် သူတို့ကို စေလွှတ်သောကြောင့် ပတ်ဝန်းကျင်တွင်ရှိသော လူတွေကတပည့်တော်များကို ကမ္ဘာကို မှောက်လှန်သောသူများဟု စွပ်စွဲကြပါသည်(တဖန် ၁၇:၆)

ကျွန်ုပ်တို့ကကောမည်သို့လုပ်ဆောင်ကြပါသနည်း။ သင့်အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်မည့်အချိန်ကို ဆုတောင်းခြင်းဖြင့်စောင့်စားဖို့ရန်ဆန္ဒရှိပါသလား။ယေရှု မိန့်ကြားသလိုပင် ကောင်းကင်ဘုံအဘက သန့်ရှင်းသောဝိညာဉ်တော်ကိုရက်ရောစွာဖြင့်ပေးကမ်းလိုပါသည်။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့် သားတို့ အားကောင်းသောအရာကို ပေးတတ်လျင်ထိုမျှမကကောင်း ကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသော သူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ ၍ ပေးတော်မူမည်မဟုတ်လောဟုမိန့်တော်မူခဲ့ပါသည် (လုကာ ၁၁:၁၃) ဤ နုတ်ကပတ်တော်ဖြင့် သခင်ယေရှုက ကတိပြုပြောဆိုခဲ့ပါသည်။ တဖန် ငါဆိုသည်ကားတောင်းကြလော့။ တောင်းလျင် ရမည် ရှာကြလော့ ရှာလျင်တွေ့မည်။ တံခါးကို ခေါက်ကြလော့၊ခေါက်လျင်ဖွင့်မည်၊ တောင်းသော သူမည်သည့်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။ (လုကာ ၁၁:၉-၁၀)

ဘုရားသခင်က သူ၏ သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အသက်တာထဲသို့ သွန်းလောင်းသည့်အချိန်တိုင်အောင် ကျွန်ုပ်တို့က ရှာဖွေကာတံခါးကို ခေါက်လျက် တောင်း လျှောက်ဖို့ရန် အချိန်ပေးနိုင်ပါသလား။ ကျွန်ုပ်တို့က သူ၏ ဆုကျေးဇူးများကို သီးကာ သူ၏တန်ခိုးတော်နှင့် ပြည့်ဝဖို့ရန် မလိုအပ် ပေးဘူးလား။ သန့်ရှင်းသော ဝိညာဉ်၌တော်က သမ္မတရားထဲသို့ လမ်းပြဖို့ရန် ကျွန်ုပ်တို့က မလိုအပ် ပေဘူးလား (တမန် ၄:၃၁) ကျွန်ုပ်တို့ သန့်ရှင်းစင်ကြယ်ဖို့ရန် သန့်ရှင်းသော

ဝိညာဉ်တော် မလိုအပ်ပေဘူးလား (ရောမ ၁၅:၁၆၊ ၁ကော ၆:၁၁) ။

မှန်ပါသည်။ ကျွန်ုပ်တို့က သန့်ရှင်းသော ဝိညာဉ်တော်ကို လိုအပ်ကြပါသည်။

ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာအတွက် ဆုတောင်းခြင်း

ယခုတင်ပြလိုသော အချက်မှာ စင်ကြယ် သန့်ရှင်းခြင်း၏ အရေးကြီးသော အဓိကအချက် ပင်ဖြစ်ပါသည်။ဤအရေးကြီးသောအချက် အလက်ထဲတွင် Charles H. purgeon ၏ ထင်ရှား သော ဆောင်းပါးကို ဝေငှထည့်သွင်း ခွင့်ရသည့် အတွက်လည်း နာမတော်ကို ချီးမွမ်းပါသည်။ ဤ အကြောင်းအရာများက သင့်စိတ်နှလုံးကို တို့ထိ ဖို့ရန်အတွက်လည်း ဆုတောင်းပေးပါသည်။ ထို့ ကြောင့် ဤနောက် ဆုံးသောနေ့ရက်ကာလ များ၌ ကျွန်ုပ်တို့လုပ်ဆောင်ဖို့ရန်တောင်းဆိုရမည့်အချက် နှစ်ခုကို ဖော်ပြပေးလိုက်ပါသည်။

(၁) အထက်ဆိုခဲ့ပြီးသော အကြောင်း ကြောင့် ကောင်းကင်နှင့် မြေကြီးပေါ်တွင်ရှိသော တစ်အိမ်လုံးတည်းဟူသော သားတော်အပေါင်း တို့၏ အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင် ယေရှုခရစ်တော်၏ ခမည်းတော်ရှေ့မှာငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။ ဆုတောင်း သော အချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့်မြဲမြံခိုင်ခန့် စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးထဲ၌ ကျိန်းဝပ်တော်မူမည် အကြောင်း ဘုန်းတော်ကြွယ်ဝ ပြည့်စုံခြင်းနှင့် ညီလျော်စွာ သင်တို့အား ပေးသနားတော်မူ၍ မေတ္တာ၌ စိုက်ပျိုးခြင်းတိုက်မြစ်လည် ကျခြင်းရှိ သဖြင့် သင်တို့သည် သန့်ရှင်းသူအပေါင်းနည်း။ ရှေ အနံ အလျားအနက် အမြင့်တို့ကို ပိုင်းခြား၍ သိစေ ခြင်းငှာ ကိုယ့်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှာ လည်း ကောင်း၊ သင်တို့သည် တက်စွမ်းနိုင်သဖြင့် ဘုရား သခင်၏ ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံ ကြပါမည်အကြောင်း ငါသည် ဆုတောင်းလျက် ရှိ၏၊ (ဧဖက် ၃:၁၄-၁၉)

(၂) ထို့ကြောင့်ငါတို့သည်ကြားရသည့် နေ့မှစ၍ သင်တို့အဘို့အလို့ငှာ အစဉ်မပျက်ဆု တောင်းပဌနာပြုလျက်နေကြ၏။ဆုတောင်းသော အချက်ဟူမူကားသင်တို့သည်ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း ဘုရား သခင်ကိုသိသော ဉာဏ်တိုးပွားခြင်းရှိသဖြင့် လည်းကောင်း၊ ဝမ်းမြောက်သော စိတ်နှင့် အရာ ရာ၌သည်းခံခြင်း စိတ်ရှည်ခြင်းအလို့ငှာ ဘုန်းကြီး သောတန်ခိုး တော်အတိုင်း ခွန်အားနှင့် ပြည့်စုံ သဖြင့်လည်းကောင်း၊ ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် သခင်ဘုရားနှင့် တိုက်လျောက်စွာကျင့်၍ အရာရာ၌ နှစ်သက်တော် မူခြင်းငှါ ပညာအမျိုးမျိုးဓမ္မဉာဏ်အမျိုးမျိုး အားဖြင့် အလိုတော်ကို အကုန်အစင်နားလည် ပါမည်အကြောင်းဆုတောင်းပဌနာပြု၏။အလင်း၌ နေသော သန့်ရှင်းသူတို့၏ အမွေကိုငါတို့သည် ဆက်ဆံဝင်စားထိုက်မည်ကြောင်း ကျေးဇူးပြု တော်မူ၏ (ကောလောသဲ ၁:၉-၁၂)

နှိုးထမှု၏ အစဖြစ်သော နှလုံးသားကျိုးပဲ့ခြင်း

***(Brokenness* – The Beginning Of Revival)**

By Roytteession (1908–1992)

ကျွန်ုပ်တို့က ရိုးစင်သည့် နိုးထမှုကိုလိုလားကြပါသည်။နိုးထမှုဆိုသည်မှာယေရှုအသက်တာကို လူတွေရဲ့နှလုံးထဲသို့သွန်းလောင်းခြင်းပင်ဖြစ်ပါသည်။ ယေရှုကအစဉ်အောင်မြင်သောသူဖြစ်ပါသည်။ ကောင်းကင်ဘဝင်တွင်လည်း သူ၏ အောင် မြင်ခြင်းအတွက်အချိန်တိုင်းပင်ချီးမွမ်းကြပါသည်။ ကျွန်ုပ်တို့ကကျဆုံးမှုဖြစ်စေ၊အောင်မြင်မှုကိုဖြစ်စေ၊ကြုံတွေ့ နိုင်ပါသည်။သို့သော် သူကဘယ်တော့မှကျဆုံးခြင်းမရှိပါ။ သူ၌ ကြွယ်ဝသောတန်ခိုးတော်ကရှိနေပါသည်။ ကျွန်ုပ်တို့ကသာ သူနှင့်မှန်ကန်သောရင်းနှီးဆက်ဆံမှုရှိမည်ဆိုလျှင်သူ၏တန်ခိုးတော်ကိုခံစားရရှိလျက်သူ၏အောင်မြင်သောအသက်တာကကျွန်ုပ်တို့ကိုဖြည့် ဆည်းကာအခြားသူများထံသို့ပင်စီးဆင်းမည်ဖြစ်ပါသည်။ ဤအရာကနိုးထမှု၏ အနှစ်သာရပင် ဖြစ်ပါသည်။

သူ၏အလိုတော်အတိုင်း ကျိုးပဲ့ခြင်း

သူနှင့်ကျွန်ုပ်တို့က စစ်မှန်သောရင်းနှီး ဆက်သွယ်ခြင်းရှိမည်ဆိုလျှင်သဘောပေါက်ရမည့်အချက်တစ်ခုမှာကျွန်ုပ်တို့၏နှလုံးသားဆန္ဒကိုသူ့အလိုတော်အတိုင်းချိုးဖဲ့ဖို့ရန်ဖြစ်ပါသည်။ဤသို့နှလုံး သားကျိုးပဲ့ခြင်းသည် နိုးထမှု၏ အစပင်ဖြစ်ပါသည်။ ဤအရာက နှိမ့်ချသောအသက်တာဖြစ်ပြီး ခံရခက်စေပါသည်။ သို့သော် ဤ နည်းကသာလျှင် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါသည်။ ငါသည် ကိုယ်တိုင် မရှင်ခရစ်တော်သည်ငါ၌ရှင်၏ (ဂလာတိ ၂:၂၀) မာန်မာနကြောင်းကျိုးပဲ့ကြေမွခြင်းမရှိလျှင် ယေရှုခရစ်တော်ကကျွန်ုပ်တို့အထဲတွင်ထင်ရှားနေထိုင်ခြင်းရှိမည်မဟုတ်ပါ။ အဓိပ္ပါယ်ကရိုးစင်းပါသည်။ ကိုယ့်အကျိုးကိုသာရှာဖွေလျက်ကိုယ့်အလိုတော်အတိုင်းသာကျေနပ်ရောင့်ရဲကာကိုယ့်အလိုတော်ကိုမစွန့်နိုင်ဘဲလက်မြောက်အရှုံးမပေးနိုင်သောအသက်တာဖြစ်ပါသည်။ ယေရှုကတော့ အားလုံးကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ ကိုယ့်အလိုဆန္ဒကို သေဆုံးစေခဲ့ပါသည်။

ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာကို ရိုးရှင်းစွာဖြင့် ကြည့်သောအခါ အားလုံး၌ ဤကိုယ်ကျိုးကများများရှိနေသည့်အချက်ကိုတွေ့မြင် နိုင်ပါသည်။ အမြဲဆိုသလို ခရစ်ယာန်အသက်တာကို ကြိုးစားပြီးအသက်ရှင်ကြပါသည်။ ကျွန်ုပ်တို့ အသုံးပြုသည့်ကြိုးပမ်းခြင်းစကားလုံးက တာဝန်တစ်ခုကို ညွှန်းပြသည့်စကားလုံးဖြစ်ပါသည်။ ခရစ်ယာန်အမှုကို ပုံမှန်လုပ်ဆောင်သော သူကိုယ်တိုင် အတွက်လည်း ဖြစ်ပါသည်။ ဤအရာက အမြဲသည်းမခံနိုင်သောသူ၊ မနာလိုသောသူ, အတင်းအဖျင်းပြောသောသူများအတွက်ဖြစ်ပါသည်။အခြားသူများအပေါ် သဘောထား မလျော့ဘဲ ကြမ်းတမ်းသော သူတွေအတွက်လည်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ဤအရာများကို ချိုးဖျက်ဖို့ရန် ကြိုးပမ်းခြင်းသည် လိုအပ်သော အရာဖြစ်ပါသည်။ ကိုယ့်အလိုတော်အတိုင်းသာ ကိုယ်ကို ချုပ်ထိန်းနေသမျှ ဘုရားခင်က ဝိညာဉ်အသီးကို

သီးပွင့်စေနိုင်မည်မဟုတ်ပါ။ (ဂလာတိ ၅) ထို့ကြောင့် ဘုရားသခင်က ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ဖို့ရန် ကိုယ့်အလိုကိုယ့်အကျိုးကို သတ်ဖြတ်ကာ သေဆုံးစေရမည်ပင်ဖြစ်သည်။

ဟုတ်ကဲ့သခင်ဟု ကျွန်ုပ်တို့ ဝန်ခံကြပါသလား

နှလုံးကျိုးပဲ့ကြေမွသော အသက်တာသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်၏ လုပ်ငန်းစဉ်အတွက် ဖြစ်ပါသည်။ သယ်ဆောင်ရမည့်ဝန်ကို သူက ဆောင် ယူလာပါသည်။ ကျွန်ုပ်တို့ကရွေးချယ်ဖို့ဖြစ်ပါသည်။ ကျွန်ုပ်တို့က ဘုရားသခင်နှင့် ရင်းနှီးဆက်သွယ်ဖို့ ရန်ဆုံးဖြတ်ချက်ချမည်ဆိုပါက သူက ကျွန်ုပ် တို့၏ မာန်မာန၊ အတ္တများကို ဖော်ပြပေးလိမ့်မည်ဖြစ်သည်။ ထိုအခါ ကျွန်တော်တို့က လည်ပင်း ခိုင်မာပြီး နောင်တရဖို့ရန်ငြင်းဆန်နိုင်သလိုဦးညွတ်ပြီးဟုတ်ကဲ့ပါသခင်လည်းဝန်ခံနိုင်ပါသည်။ နေ့စဉ်စိတ်နှလုံးကျိုးပဲ့ကြေမွသောအသက်တာက ဘုရား သခင်၏ စီရင်ချက်ကိုရိုးရှင်းစွာဖြင့်နာခံခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်စီရင်ချက်ကပုံမှန်ဖြစ်သောကြောင့် ကျွန်ုပ်တို့ကလည်း စိတ်နှလုံးကို ပုံမှန်ချိုးဖဲ့ပို့ရန်လိုအပ်ပါသည်။ ကိုယ့်အကျိုးကို အညှံ့ခံကာ အရှုံးပေးသည့်အမှန်တရားကို ကျွန်ုပ်တို့ တွေ့ရှိသောအချိန်သည်အလွန်တန်ဖိုးရှိသောအချိန်ပင်ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့်အပြစ်ဝန်ချခြင်းနှင့် ပြန်လည်ဆက်ကပ်အပ်နှံခြင်းက ရံဖန်ရံခါလိုအပ်သောအရာဖြစ်ပါသည်။

ကျွန်ုပ်တို့အတွက် ယေရှု၏ ကျိုးပဲ့ခြင်း

ဤနေရာတွင် ကားတိုင်ပေါ်၌ ယေရှု၏ ကျိုးပဲ့ခဲ့သော ပုံစံကဲ့သို့ ကျွန်ုပ်တို့က ဖြစ်နိုင်ဖွယ်ရာ မရှိပါ။ ကျွန်ုပ်တို့အတွက် ကျိုးပဲ့ခဲ့သော ယေရှု၏ ဆန္ဒမှာ ကျွန်ုပ်တို့၏ အသက်တာတွင်လည်း ကျိုးပဲ့သော အသက်တာရှိဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏ ပုံသဏ္ဌာန်ထဲတွင်ရှိသောသူကိုမြင်တွေ့ရပါသည်။ရေတွက်၍မရနိုင်သောဘုရားသခင်နှင့် တန်တူဆုလာဒ်ကိုဆုပ်ကိုင်ထားသော်လည်း ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အစေခံပုံသဏ္ဌာန် အစေခံသည့် လူ၏ ပုံသဏ္ဌာန်ကို ဆောင်ယူခဲ့ပါသည်။ သူ၏အလိုတော်အတိုင်း မလုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ သူကိုယ်သူမပိုင်ပါ။ လူတွေရဲ့ထိတွေ့ စော်ကားခြင်းအတွက် ဘုရားသခင် ကခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် တုန့်ပြန်ခြင်း၊ ကာကွယ်ခြင်းမရှိခဲ့ပါ။ ကျိုးပဲ့ကြေမွသောနှလုံးသားဖြင့်လူတွေရဲ့အပြစ်တွေအတွက်သစ်တိုင်ပေါ်တွင် ကိုယ်စားပြု အသေခံဖို့ရန် ကာရာနီဆီသို့ လျှောက်လှမ်းခဲ့ပါသည်။

ခံစားချက်သီးချင်းဖြစ်သော ဆာလံသီးချင်းထဲတွင် ဤသို့ ဖွဲ့နွဲ့ခဲ့ပါသည် (ဆာလံ ၂၂:၆) ကျွန်ုပ်ကား လူမဟုတ်တီကောင်မျှသာဖြစ်ပါသည်၊ အပူပိုင်းဒေသတွင် နေထိုင်သူများနှင့် ကျွန်ုပ်တို့ကမ္ဘေနှင့် ပိုးကောင်ကို ထုရိုက်သော အချိန်တွင်အဓိကကွဲပြား ခြားနားမှုကိုပြောဆိုကြပါသည်။ မ္ဘေက အနောက် ဖက်သို့ရှူးရှူးရဲရဲဖြင့် ခေါင်းထောင်ကာ ပြန်ပေါက်ဖို့ရန်ကြိုးပမ်းပါသည်။သို့သော် တီကောင် (ပိုးကောင်) ကတော့ ပြန်လည်ခုခံကာကွယ်ခြင်းမရှိပါ။ လုပ်ချင်သလို လုပ်ခွင့်ကိုပေးပါသည်။ ယေရှုကလည်း ကျွန်ုပ်တို့အတွက်မ္ဘေကဲ့သို့ မဟုတ်ဘဲ တီကောင်တကောင်ကဲ့သို့ပင် ပေးဆပ်ခဲ့ပါသည်။ ထို့အပြင် ယခုဌ ကျွန်ုပ်တို့ကို သူနှင့် မှန်ကန်သော နေရာသို့ အတူနေထိုင်ဖို့ရန်ခေါ်နေပါသည်။ တောင်ပေါ် ဒေသနာ တခုလုံးတွင်တုန့်ပြန်မှု မပြုမည့်

သင်ကြားချက်ဖြစ်သောရန်သူအပေါ် ချစ်ခြင်းမေတ္တာထားရှိခြင်း၊ ကိုယ်ကျိုးကိုမငဲ့ဘဲ ပေးကမ်းခြင်းအကြောင်းများသည် ကျွန်ုပ်တို့၏ ဖြစ်တည်မှုကို ညွှန်းပြခြင်းဖြစ်ပါသည်။ ထို့ကြောင့်ချစ်ခြင်း မေတ္တာ၏ တခုတည်းသောအမြင်မှာ ကျိုးပဲ့သောစိတ်ဆန္ဒဖြစ်ပြီး ဤအရာကို လိုလားတောင့်တကြ ဖို့ရန် ဖြစ်ပါသည်။

သခင်ကျွန်ုပ်၏ မာကြောသော နှလုံးသားကို အရည်ပျော်စေပါ။ ကျွန်ုပ်အတွက် ကာရာနီတွင် ဦး ငိုက်စိုက်ချသောသူကို မျှော်ကြည့်လျက် ဦးညွတ်တတ်ဖို့ရန် မစတော်မူပါ။

အည့်ခံခြင်း

အလိုဆန္ဒကို သေဆုံးစေခြင်းဆိုသည်မှာ တကြိမ်တစ်ခါတည်းအတွက် လုပ်ဆောင်ခြင်းမဟုတ်ပါ။ ဘုရားသခင်က ပြသောအခါ အစပြုလာသော အရာဖြစ်ပါသည်။ ထို့နောက်တွင် ကျွန်ုပ်တို့အားဖြင့် ယေရှုကအစဉ်ပင် ဖွင့်ပြနိုင်ဖို့ရန်အတွက် ကိုယ့်ဆန္ဒကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရှေ့တွင် နည်းလမ်းများစွာ ရွေးချယ်ဖို့ရန်ရှိလာပါလိမ့်မည်။ စီမံချက်များအချိန်၊ ငွေရေးကြေးရေးကိုယ် ပိုင်အလိုဆန္ဒ၏ တင့်တိမ်မှုများ ဤအရာများက ကျွန်ုပ်တို့ကို ဝိုင်းရံနေပါလိမ့်မည်။ နှိမ့်ချသော နေရာတိုင်းတွင် ကျွန်ုပ်တို့ကို ပြဿနာရှာဖို့ရန် ကြိုးပမ်းသောသူတွေက ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ လမ်းကြောင်းကိုဖျက်ဆီးပါလိမ့်မည်။ဤအရာများသည် ခရစ်တော်အသက်တာအတွက် ကျွန်ုပ်တို့၌ ရှိသောနက်နဲသည့်လမ်းကြောင်းတစ်ခုဖြစ်ပါသည်။

ဘုရားသခင်ကျေနပ်တင့်တိမ်သည့်အသက်တာတခုကသာလျှင် အသက်တာကိုအောင်မြင်စေနိုင်သည့်အကြောင်းအား သင်တွေ့ရှိပါလိမ့်မည်။ ကျွန်ုပ်တို့က မည်သို့ပင် ကြိုးပမ်းနေကြပါစေ ကျွန်ုပ်တို့အသက်တာအတွက် အရာရောက်မည်မဟုတ်ပါ။ သို့ဖြစ်သောကြောင့် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့၏ အလိုဆန္ဒကိုအစဉ်ငြင်းပယ်ပြီးစွန့်လွှတ်ဖို့ရန်ပြင်ဆင်ပါမှပြည့်စုံသောအသက်တာကိုလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၏လိုအင်ဆန္ဒ ကသူနှင့်ဆန့်ကျင်နေပါသည်။ထို့ကြောင့်အသိစိတ် ဖြင့်ရွေးချယ်ကာ လုပ်ဆောင်ကြဖို့ရန်ဖြစ်ပါသည်။

ပြည့်လျံသောခွက်ဖလား

နှလုံးကျိုးပဲ့ကြေမွခြင်းသည် နိုးထမှု၏ အစပင်ဖြစ်ပါသည်။ နိုးထမှုဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောအသက် တာဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စုံသည့် အချိန်တခုကို မေးမြန်းမည်ဆိုလျင် ဘယ်နှစ်ဦးက ပြည့်စုံကြပါသည်ဟု ဖြေဆိုနိုင်ကြပါမည်နည်း။ နိုးထမှုက ဟုတ်ကဲ့ဟု ကျွန်ုပ်တို့ ဖြေဆိုနိုင်သော အချိန်ဖြစ်ပါသည်။ အတွင်စိတ်ဖြင့် ဖြေဆိုခြင်းမဟုတ်ဘဲ ကျေးဇူးတော်သက်သက်ဖြင့် ဘုရားသခင်၏ ပြည့်စုံသော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ပြည့်လျံနေသောအရာကိုခံစားကာ နုတ်မြွက်နိုင်ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လက်ရှိ ဗလာသက်သက်ဖြစ်သော အသက်တာ၊ ကျိုးပဲ့ကြေကွဲသောအသက်တာ၌သူ၏ဖြည့်ဆည်းခြင်းကိုရရှိခြင်းဖြစ်ပါသည်။ Andrew Murraysကရေကို အောက်ခြေမှဖြည့်စွက်သကဲ့သို့ သင်၏ဗလာသက် သက်ဖြစ်သော အသက်တာကို ဘုရားသခင်က တွေ့ရှိသောအခါ သူ၏ တန်ခိုးတော်က စီးဆင်းလျက်ဖြည့်ဆည်း ပေးသည်ဟုပြောဆိုခဲ့ပါသည်။ မြင်ကွင်းကရိုးရှင်းပါသည်။ လူ၏ စိတ်နှလုံးသည် ခွက်ဖလားတစ်ခုကဲ့သို့ဖြစ်သောကြောင့် ယေရှု၏ သက်

စမ်းရည်ဖြည့်ဆည်းသည့်နေရာဖြစ်ပါသည်။
ယေရှုက ရွှေဖလားထဲသို့ အသက်စမ်းရည်ကို ဖြည့်ဆည်းပေးပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားခွက် ဖလားထဲသို့ ဖြတ်လျှောက်ရင်း ကျွန်ုပ်တို့၏ ခွက်ကို ကြည့်ရှုပါသည်။စင်ကြယ်သန့်ရှင်းပါကအသက်စမ်း ရည်ကို ပြည့်စုံစွာ သွန်းလောင်းလျက်ဖြည့်ဆည်း ပေးပါသည်။ ထိုကြောင့် သူက အမြဲဖြတ်သန်းသော အခါ ခွက်ဖလားကလည်း ပြည့်လျှံလာပါသည်။ ဤ အရာကဒါဝိတ်နှတ်ဖြွက်သည့်အရာပင်ဖြစ်ပါသ သူက ကျွန်ုပ်၏ ခွက်ဖလားကလျှံလျက်ရှိ၏ဟု မြွက် ဆိုခဲ့ပါသည်။

ဤအရာက နိုးထမှု၊ ဖြစ်ပြီးသင်နှင့် ကျွန်ုပ် က ကောင်းကြီးမင်္ဂလာဖြင့် ပြည့်လျှံခြင်းဖြင့် အခြား အရာများနှင့်အတူ နှလုံးသားထဲတွင် ငြိမ်သက်မှု ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ လူတွေက စိတ်အလိုကို ငြင်းပယ်ခြင်းက စိတ်သောကတခုပင်ဖြစ်သည်ဟု တွေးတောနိုင်ပါသည်။ ဤအရာကမမှန်ပါ။ ကိုယ့် အလိုဆန္ဒကို ငြိမ်သက်ဖို့ရန် ငြင်းပယ်ခြင်း ကသာ လျှင် စိတ်သောကတခုကို လုပ်ဆောင်ခြင်းဖြစ်ပါ သည်။ ယေရှုနှင့်အတူ အသေခံခြင်းကို ကျွန်ုပ်တို့က ပိုသိလေလေ ကျွန်ုပ်တို့အသက်တာ၌ သူ့ကို ပိုသိ ကျွမ်းလေလေပင်ဖြစ်ပြီးစစ်မှန်သော ငြိမ်းသက် ဝမ်း မြောက်ခြင်းကပိုမိုတိုးပွားလာပါသည်။သူ့ အသက် တာတွင်လည်းပျောက်ဆုံးသောဝိညာဉ်များ၏ စစ်မှန်သောကယ်တင်ခြင်းအတွက် ကျွန်ုပ် တို့အားဖြင့်ပြည့်လျှံလာမည်ဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်များ၏ကောင်းကြီးမင်္ဂလာသူတို့ ၏ ကောင်းကြီးမင်္ဂလာအတွက်ပင်ဖြစ်ပါသည်။

အသွေးတော်အောက်

ထင်ရှားသည့် အရာတခုမှာ ယေရှုက စိတ်နှလုံးကို ဖြတ်လျှောက်သွားသောအခါ သူက ကျွန်ုပ် တို့၏ ခွက်ကိုဖြည့်စွက်ပေးပါသည်။ကျွန်ုပ်တို့၏ စိတ်နှလုံး က အပြစ်နှင့် ပြည့်လျက်ညစ်ပတ်သောခွက် ကဲ့သို့ဖြစ်နေပါက မဖြည့်စွက်ပါ။ သေးငယ်သော အပြစ်ကပင် တန်ပြန်မှုကိုပေးပါသည်။ အပြစ်က ကိုယ့် စွမ်းအားဖြင့် တင့်တိမ်ကျေနပ်မှုကို ဖြစ်စေပါ သည်။ မိမိကိုယ်မိမိ ကြည့်ရှုခြင်းက စုံစမ်းနှောင် ယှက်မှု (သို့) အခက်အခဲ၊ ကိုယ့်အကျိုးအတွက် လုပ်ဆောင်ခြင်းကိုဖြစ်စေပါသည်။ မဝံ့မရဲဖြစ်ခြင်း ပိုင်ဆိုင်ခွင့်ကို ဆုတ်ကိုင်ကာ၊ တွေးတောခြင်း၊ စိုးရိမ်ပူပန်ခြင်းစသည့် အတွင်းပိုင်းမှတန်ပြန်သော အရာများက အပြစ်ဖြစ်ကြပြီး ကျွန်ုပ်တို့၏ ခွက် ဖလားကို ညစ်နွမ်းစေပါသည်။ သို့သော် ယေရှုက ထိုအပြစ်များကို ကာရာနီ၌ သွန်ပစ်လိုက်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ ခွက်ဖလားထဲ တွင်းရှိသော အပြစ်များအား သူ့ထံသို့ ပို့ဆောင်လိုက်မည်ဆိုလျှင် သူ၏ သန့်ရှင်းသော အသွေးတော်ဖြင့်ဆေးကြောပေးလိမ့်မည်ဖြစ်သည်။ သူက အပြစ်ကို ဆေးကြောပေးယုံတင်မဟုတ်ဘဲ ကျွန်ုပ်တို့၏ ခွက် ဖလားကို ဆေးကြောပေးပြီးသော အခါ သန့်ရှင်းသော ဝိညာဉ်တော်ကို ဖြည့်ပေးကာ ပြည့်လျှံစေ လိမ့်မည်ဖြစ်သည်။

ဆေးကြောသန့်စင်ခြင်း

စင်ကြယ်သော အသွေးတော်ကို ကျွန်ုပ်တို့ ကိုယ်တိုင်က နေ့စဉ်အသုံးပြုနိုင်ပါသည်။ သင့်အနေ ဖြင့် သင်၏ ခွက်ဖလားကို ယေရှုအား ဆေးကြော သန့်ရှင်းဖို့ရန် ခွင့်ပြုကာဖြည့်စွက်ပေးမည်ဟု ယုံကြည် ကိုးစားပါက တစုံတရာကတော့ ရောက်ရှိ လာပါလိမ့်မည် ဖြာယောင်မှု၏ ထိတွေ့ခြင်းက မည်သည့် အရာကိုဖြစ်စေပါသနည်း။ ခွက်ဖလားကို

ညစ်ညမ်းစေကာ စီးဆင်းမှုကို ရပ်ဆိုင်းစေပါသည်။ အကယ်၍ ဤလမ်းကြောင်းကို ကျွန်ုပ်တို့က ကျော်လွှားနိုင်ကြမည်ဆိုပါက ကျွန်ုပ်တို့၏ ခွက်ဖလားက မည်သည့် အခါ၌မျှစီးဆင်းမှု ရပ်ဆိုင်းမည်မဟုတ်ပါ။

ထို့ကြောင့်ကျွန်ုပ်တို့ကစစ်မှန်သော နိုးထမှုကို ထိတွေ့လိုလျှင် စင်ကြယ်သော ကျွန်ုပ်တို့၏ ခွက်ဖလားကို စောင့်ထိန်းရမည့်နည်းလမ်းအား သင်ယူကြဖို့ရန်ဖြစ်ပါသည်။ နိုးထမှုရပ်စဲခြင်းကို ဘုရားသခင်အလိုမရှိပါ။ အပြစ်တခုကြောင့် စာတန်က ကျွန်ုပ်တို့၏ ခွက်ဖလားထဲသို့ အစက်များကို ကျစေပါသည်။ သို့သော် ကျွန်ုပ်တို့က ကာရာနီသို့ လှည့်ပြီး ယေရှု၏ အသွေးတော်ဖြင့် စတင်ကျလာသောအပြစ်ကိုတစ်ခုပြီးတစ်ခုဆေးကြော သန့်စင်ပါက စမ်းရည်ကဆက်လက်စီးဆင်းကာ ပြည့်လျှံလာလိမ့်မည်ဖြစ်သည်။ ဤအချက်က ကျွန်ုပ်တို့သင်ယူခဲ့သည့်ခွက်ဖလား၏ လျှို့ဝှက်ချက် ပင် ဖြစ်ပါသည်။

သင့်အနေဖြင့် မနာလိုမှု ဝေဖန်တိုက်ခိုက်မှုစသည့်အရာများက တို့ထိသောအခါ ယေရှုထံသို့ ဆုတောင်းကာ အသွေးတော်ဖြင့် ကွယ်ကာလျက် ရှင်းထုတ်ပစ်မည်ဆိုပါက ဤထိတွေ့မှုကထွက်ခွါသွားကာ ပျော်ရွှင်ငြိမ်သက်ခြင်းက စီးဝင်လာပြီး သင်၏ ခွက်ဖလားကပြည့်လျှံလာလိမ့်မည်ဖြစ်သည်။ ဤနည်းဖြင့် ယေရှု၏ အသွေးတော်တန်ခိုးကို ပိုမိုကိုးစားခြင်းဖြင့် ပို၍ သိမြင်ခံစားလာပါလိမ့်မည်။ ဤ ဆေးကြောခြင်းက ကျွန်ုပ်တို့ ဘုရားသခင်ရှေ့၌ နှလုံးကျိုးပဲ့သောအချိန်တွင်ဖြစ်လာပါသည်။ တခါတရံတစုံတဦး၏ မေးခွန်းပယောဂကြောင့်ကျွန်ုပ်တို့ကအမျက်ထွက်နိုင်ပါသည်။ ထိုအခါ ယေရှုကို မျှော်ကြည့်ရုံဖြင့် ပြည့်စုံလာမည်မဟုတ်ပါ။ ထိုပုဂ္ဂိုလ်၏ မေးခွန်းတခုလုံးနှင့် သူ၏ သဘောထားကို သိရှိဖို့ရန် ကျွန်ုပ်တို့က ကျိုးပဲ့သော နှလုံးသားဖြင့် ဘုရားသခင်ကို ကိုးစားဖို့ရန်ဖြစ်ပါသည်။ ဤသို့ ပြုလျှင် ကျွန်ုပ်တို့က မှားယွင်းမှုကို ပြုပြင်နိုင်ကာ ယေရှု၏ အသွေးတော်က အပြစ်ကို ဆေးကြောပေးမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အပြစ်ကို ဆေးကြောပေးသောအခါ ဝမ်းမနည်းပါနှင့် ကိုယ့်အခြေအနေကိုမကြည့်ပါနှင့်။ယေရှု၏ အောင်မြင်ခြင်းကို ကြည့်ရှုကာ ကျေးဇူးတော်ကို ချီးမွမ်းဖို့ရန် ဖြစ်ပါသည်။

ငြိမ်သက်ခြင်းကို ထိန်းသိမ်းပါ

ဤအရာက ရိုးရှင်းပါသည်။ ဘုရားသခင်၏ နုတ်ကပတ်တော်က ယေရှုနှင့် လျှောက်လှမ်းခြင်းဖြစ်ပြီး အပြစ်ဝင်လာသောအခါ သိရှိဖို့ရန် ကျွန်ုပ်တို့ကို လမ်းပြသောအရာဖြစ်သည်။ ကောလော သဲ ၃:၁၅ တွင် သင်တို့၏ စိတ်နှလုံးထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်းကို အုပ်စိုးစေလော့ဟု ဖော်ပြထားပါသည်။ ဤနေရာတွင် ယေရှု၏ ငြိမ်သက်ခြင်းကို နှောင့်ယှက်သောအရာက အပြစ်ဖြစ်ပါသည်။ မည်သည့်အပြစ်ကစတင်ပေါ်လာပါစေအကြောင်းမဟုတ်ပါ။ ငြိမ်သက်ခြင်းက ကျွန်ုပ်တို့၏ စိတ်နှလုံးကို အုပ်စိုးကာလွမ်းမိုးဖို့ပင် ဖြစ်ပါသည်။ ဘောလုံးပွဲတပွဲတွင် စည်းကြပ်ဒိုင်က ခရာမူတ်လိုက်သောအခါ ပွဲက ချက်ချင်းရပ်ပြီးအပြစ်ဒဏ်ကိုစီရင်ပါသည်။ ထိုကဲ့သို့ပင်ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းကပျောက်ဆုံးသောအခါ စည်းကြပ်ဒိုင်ဖြစ်သော ဘုရားသခင်က ခရာကိုမှုတ်လိုက်ခြင်းဖြစ်ပါသည်။ ချက်ချင်းပင် ဘုရား သခင်ထံသို့ ကျွန်ုပ်တို့၏ အမှားကို မေးမြန်းဖို့ပင်ဖြစ်ပါသည်။ ယေရှု၏ အသွေးတော် အောက်

တွင် ကျွန်ုပ်တို့၏ အပြစ်ကိုပြသဖို့ရန် ယုံကြည်ချက်ကိုချထားလိုက်ပါက ငြိမ်သက်ခြင်းကို ပြန်လည်တည်ဆောက်ပြီးပြည့်လျှံသောခွက် ဖလားဖြင့် ကျွန်ုပ်တို့၏လမ်းကြောင်းကိုပြန်လည် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ အကယ်၍ ဘုရား သခင်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့မရရှိပါက စိတ်နှလုံးကို သူထံ မပေးအပ်၍သာဖြစ်ပါလိမ့်မည်။ တစ်စုံတစ်ယောက်၏ အပြစ်ကိုမှတ်သားနေခြင်းကြောင့် လည်းဖြစ်နိုင်ပါသည်။ တဦးတယောက်၏ အပြစ်ပြုခြင်းအားဖြင့် ဘုရားသခင်၏ငြိမ်သက်ခြင်းကို မဆုံးရှုံး လိုပါသော်လည်း ကျွန်ုပ်တို့အပေါ် လွှမ်းမိုးနေသောကြောင့်လည်းဖြစ်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင်က ရှင်းလင်းဆေးကြောလိုသော ဆန္ဒရှိသောအခါမှသာလျှင် သူ၏ ငြိမ်သက်ခြင်းက တိုးဝင်လာမည်ဖြစ်သည်။ကျွန်ုပ်တို့ ရှာဖွေ နေသော ဘုရားသခင်၏ ငြိမ်သက်ခြင်းက အခြားအရာမဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော် ကိုယ်တိုင် ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ယခင်က ငြီးတွားခြင်းမရှိဘဲ ကိုယ့်အလိုကို လိုက်လျှောက် သည့် လမ်းက ယခုတွင် ဒိုင်လူကြီး၏ ခရာမှုတ်သံမပါဘဲလျှောက်လှမ်းလို့ မရသည့် အချက်ကိုပြ သပါသည်။ ဘုရားသခင်၏ ငြိမ်သက်ခြင်းက ကျွန်ုပ်တို့ကို အုပ်စိုးဖို့ရန်ခွင့်ပြုသောအချိန်တွင် ငြီးတွားခြင်း၊ အထက်ဆန်ခြင်း၊ သတိမမူခြင်း၊ အသေးအမွှာအရာများကပင်လျှင် အပြစ်ကို ထင်ရှား စေမည်ဖြစ်သည်။

ထို့ကြောင့် ယနေ့တွင် ဤအသေး အမွှာများ၏ ဖုံးလွှမ်းမှုကို ကိုယ်တိုင်သတိပြုကာ ယေရှုအသွေးတော်မြတ်ဖြင့်ဆေးကြော၍ ကျွန်ုပ်တို့ ကိုယ်တိုင်သည် အရင်လိုမဟုတ်သော စိတ်နှလုံးကျိုးပဲ့ကြေမွသည့်လမ်းကြောင်းသို့လျှောက်လှမ်းဖို့ရန်ဖြစ်ပါသည်။ ထိုအခါ ယေရှုက ဤကျိုးပဲ့ကြေမွသော နှလုံးသားထဲသို့သူ၏ ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာကို ထင်ရှားလာ စေလိမ့်မည်ဖြစ်သည်။

ခြေလှမ်းကို စတင်လှမ်းပါ

ကျွန်ုပ်တို့အများစုကတော့ စည်းကြပ်ဒိုင်လူကြီး၏ခရာမှုတ်သံကိုမကြာခဏဆိုသလို လျစ်လျူရှုတတ်ကြပါသည်။ ကြာလာသောအခါ နားထောင်ဖို့ရန် စိတ်မပါကြတော့ပါ။ တနေ့ပြီး တနေ့ ကျွန်တော်တို့က ကျိုးပဲ့သော နှလုံးသားမရှိတော့ဘဲ ဆေးကြောခြင်းကို တဖြေးဖြေးလိုအပ်လာကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ဆိုးသွမ်းသော အခြေအနေထဲသို့ ရောက်ရှိသွားကြသည်ကို သတိမပြုမိကြတော့ပါ။ သို့ဖြစ်သောကြောင့် အရင်က ယေရှုအသွေးတော်ကိုအသုံးပြုသည့်အဖြစ်ကို သတိရကာ ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာရ ဖွဲ့ဖို့ရန်အတွက်ကြီးမားသောဆာငတ်မှုကလိုအပ်လာပါသည်။ သူက ကျွန်ုပ်တို့ကို စတင်လမ်းညွှန်း ဖို့ရန်နှင့် ကျွန်ုပ်တို့ကလည်းကျိုးပဲ့ကြေမွသောနှလုံးသားဖြင့် နာခံလိုက်လျှောက်ဖို့ရန်ဖြစ်သည်။ ဤအရာက နိုးထမှုထဲသို့ စတင်ခြေလှမ်း လှမ်းခြင်း ပင်ဖြစ်ပါသည်။

ဘုရားသခင်နှင့် တွေ့ဆုံခြင်း

(Having An Encounter With God)

By Henry Blackably

ဘုရားသခင်၏ မျက်မှောက်တော်တွင် ကျွန်ုပ်တို့ ရှိသောအခါ သူက စစ်မှန်သော ပြောင်းလဲမှုကို ဆောင်ကျဉ်းပေးပါသည်။ သမ္မာကျမ်းစာ၌ ဤ အချက်ကိုတွေ့ရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ နားမလည်သည့်အချက်က ဘုရားသခင်၏ နုတ် ကပတ်တော်စကားလုံးများက ကျွန်ုပ်တို့နှင့် တွေ့ ဆုံသောသူဖြစ်သည့်အချက်ကိုပင်ဖြစ်ပါသည်။

ဘုရားသခင်၏ အိမ်တော်သို့ လာရောက် ကြခြင်း ၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင် နှင့် ကျွန်ုပ်တို့တွေ့ဆုံဖို့ရန်ဖြစ်ပါသည်။ ကျွန်တော် တို့ကတော့ ဘုရားသခင်၏ မျက်မှောက်တော်တွင် ကျွန်ုပ်တို့ရှိပါသည်ဟု ပြောဆိုကြပါသည်။ သို့သော် ကျွန်ုပ်တို့ကို ညွှန်းပြသည့်အရာကပြောင်းလဲမှု တစုံတရာမျှမရှိကြသည့်အချက်ကိုပင်ဖြစ်ပါ သည်။

ဘုရားသခင်နှင့် သင်တွေ့ဆုံသော အခိုက် အတန့်က ဘုရားသခင်၏ စီမံချက်အောက် တွင်ဖြစ်ပြီး သင်၏ စီမံချက်အောက်တွင် မဟုတ် ပါ။ သန့်ရှင်းသော ဝိညာဉ်တော်က ဘုရား သခင်၏ နုတ်ကပတ်တော်ကိုချက်ချင်းဆောင်ကျဉ်ပါသည်။ နှစ်ဖက်သွားသံလျက်(ဓါး)ကဲ့သို့ စိတ်ဝိညာဉ်ကို တွင်းဖေါက်ပါသည်။ စိတ်နှလုံးအကြံ အစည်များ ကို သိမြင်ပါသည် (ဟေဗြဲ ၄:၁၂) ဘုရားသခင်ထံ သင့်ကို ထုတ်ဖော်ပါသည်။ ဘုရားသခင်က သင့်ကို တွေ့ဆုံသောအခါ သင်၏ အသက်တာတခုလုံးကို မွေနှောက်သည့်အကြောင်းကို သင်သိရှိပါလိမ့်မည်။

ဘုရားသခင်နှင့် ဟေရှာယ၏ တွေ့ဆုံခြင်း

ဟေရှာယအခန်းကြီး(၆)တွင်မှတ်သား စရာ အနေဖြင့် ဘုရားသခင်နှင့် ဟေရှာယ တွေ့ဆုံ ခဲ့ကြပါသည်။ ဘုရားသခင်က သူ၏ အခက်အခဲ ပြဿနာများကိုသိရှိပါသည်။ ထို့ကြောင့် စစ်မှန် သောပြောင်း လဲမှုအတွက် သူ့ကို တွေ့ဆုံခဲ့ပါသည်။ ရုတ်တရက်ဆိုသလို ဘုရားသခင်၏ သန့်ရှင်းသော မျက်မှောက်တော်ထဲတွင် ဟေရှာယက ရောက်ရှိ သွားပါသည်။

လူတချို့က သန့်ရှင်းသော ဘုရားသခင်၏ မျက်မှောက်တော်အကြောင်းကို ပြောဆိုကြပြီးချီး မွမ်းသီးချင်းကို သီဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကတော့မတွေ့ကြုံဘူးခဲ့ပါ။အကယ်၍ ကျွန်ုပ် တို့ကသာတွေ့ကြုံခဲ့ကြမည်ဆိုလျှင်ဟေရှာယ ကဲ့သို့ပင် ပြောဆိုကြလိမ့်မည်ဟု ယုံကြည်မိပါ သည်။ ဟေရှာယက ငါကလည်း ငါ၌ အမင်္ဂလာ ရှိ၏ အကျိုးနည်းကြီးအကြောင်းမူကား ငါသည် ညစ်ညူးသော နုတ်ခမ်းရှိလျက် ညစ်ညူးသော နှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်နှင့် ကောင်း ကင် ဗိုလ်ခြေအရှင် ထာဝရ ဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ့်မျက်စိနှင့်မြင်လေပြီးတကား (ဟေရှာယ ၆:၅)ဟု ပြော ဆိုခဲ့ပါသည်။

သန့်ရှင်းသော ဘုရားသခင်၏ ရှေ့မှောက် တွင် သင့်အသက်တာ၏ လိုအပ်ချက်ကို အမြဲပင် တိကျစွာ ဖော်ထုတ်ကာ ပြသပါသည်။ ထိုအရာမှာ

ဘုရားသခင်နှင့် သင်တွေ့ဆုံခြင်းမှ သိရှိရမည့် အရာ ဖြစ်ပါသည်။ ဘုရားသခင်က ဟေရှယ၏ နုတ်ခမ်းနှင့် ချက်ချင်းထိတွေ့ခဲ့ပါသည်။ ဤ နေရာက အသက်တာကို ပြောင်းလဲစေသော ဘုရားသခင်၏ ယဇ်ပလ္လင်ပင်ဖြစ်ပါသည်။ ယဇ်ပလ္လင်မှ မီးခဲဖြင့် သူ၏ နှုတ်ခမ်းကို တို့ထိခဲ့ပြီး အံ့သြဘွယ်ရာဖြစ်ပွားခဲ့ပါသည်။ ဟေရှာယ၏ နုတ်ခမ်းကို ဆေးကြောသော အခါ သူ၏ နားကပွင့်လာပါသည်။ ဘုရားသခင်က သူ၏နားကိုမတို့ထိဘဲ နုတ်ခမ်းကိုသာ တို့ထိခဲ့ပါသည်။ ထို့ကြောင့် ဟေရှာယကသူစောင့်ထိန်းရမည့်အရာကို ကြားခဲ့ရပါသည်။ ဘုရားသခင်က စကားပြောခဲ့ပြီး ဟေရှာယ ကြားရသည့်စကားမှာ ကျွန်ုပ်တို့အတွက် မည်သူကိုစေလွှတ်ရပါမည်နည်းဟူသော စကားပင် ဖြစ်ပါသည်။ ဤသို့တွေ့ဆုံခြင်းကြောင့် စစ်မှန်သော ပြောင်းလဲမှုတခုကဖြစ်ပေါ်လာပါသည်။ ဤ အရာမှာ ဟေရှယ၏ တုန့်ပြန်သောစကားပင် ဖြစ်ပါသည်။ ကျွန်ုပ်ရှိပါသည်။ ကျွန်ုပ်ကိုစေလွှတ်ပါ (အခန်းငယ် ၈)ဟု သူက ပြန်လည်တုန့်ပြန်ခဲ့ပါသည်။ ချစ်မိတ်ဆွေ၊ ယနေ့ကျွန်ုပ်တို့တွေ့ဆုံမည့် ဘုရားသည် ဟေရှယနှင့် တွေ့ဆုံသည့် ဘုရား သခင်ပင်ဖြစ်ကြောင်းကို အသိပေးလိုပါသည်။

ကျွန်ုပ်တို့၏ တိုင်းနိုင်ငံအတွက် ဆုတောင်းခြင်း

မည်သည့်အရာကိုကျွန်ုပ်တို့ကလုပ်ဆောင်သည်ဖြစ်စေ မလုပ်ဆောင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့နေထိုင်သောနိုင်ငံ၏ပုံစံကညွှန်ကြားချက်များစွာဖြင့်တဖြေးဖြေးယုတ်လျော့နေပါသည်။မည်သို့သောဆုတောင်းချက်မျိုးကိုကျွန်ုပ်တို့က လုပ်ဆောင်ကာနိုင်ငံ၌ တိုးတက်မှုကို မလုပ်ဆောင်နိုင်ကြပါသနည်း။ မည်သို့သော ဆုတောင်းချက်များကြောင့် နိုင်ငံက နောက်ကောက် ကျန်နေရပါသနည်း။ ဘုရားသခင်က ကောင်းကင်တခွန်ပင် ရွှေ့လျားစေသည့်အထိတိုင် ဆုတောင်းချက်များအား အဖြေပေးသည့်အကြောင်းကို သိရှိကြ ဖို့ဖြစ်ပါသည်။ တစုံတယောက်၏ ကရုဏာတရားဖြင့် ဆုတောင်းချက်က တနိုင်ငံလုံးကို ပြန်လှည့်စေနိုင်ပါသည်။ ကျွန်ုပ်တို့က ဆုတောင်းကြပါသည်ဟု ပြောဆိုကြသော်လည်း နိုင်ငံက အဘယ့်ကြောင်း မပြောင်းလဲပါသနည်း။

ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်နှင့် ရင်းနှီးဆက်သွယ်ဖို့ရန်အတွက်ခြားနားသောအရည်အသွေး များဖြင့်ပိုမို၍ ဆုတောင်းဖို့ရန် မလိုအပ်ပါ။ သင်ဆုတောင်းသောအခါခြားနားသော ရင်းနှီးဆက်သွယ်ခြင်းအရည်အသွေးပုံစံတခုအားဖြင့် ဘုရား သခင်က နားစွန့်ပေးမည်ဟု ထင်မြင်နေ၍ ပြင်ဆင်နေပါသလား။ သင်၏ ရင်းနှီးဆက်သွယ်သည့် အဆင့်အတန်းကို သူက သိရှိနေပါသည်။ သင်၏ ဆုတောင်းချက်ကြောင့် တိုင်းနိုင်ငံက ကြီးမားသော ပြောင်းလဲမှုတစ်ခုဖြစ်လာ ပါမည်လား။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းပြီး သင်၏ ကိုယ်ပိုင်ဆုတောင်းခြင်းအကြောင်းကို စဉ်းစားပါ။ ဘုရားသခင်က အဖြေပေးနိုင်ဖို့ ရန်အတွက် မည်သို့သော ပြောင်းလဲမှုတခုက သင့်တွင် လိုအပ်နေပါသနည်း။

မောရှေ၏ ဆုတောင်းခြင်းအသက်တာ

ကျွန်ုပ်နှင့်အတူမောရှေပြုသောဆုတောင်းချက် တခုကို လေ့လာကြပါစို့ ဘုရားသခင်က သူ၏ မျက်မှောက်သို့ မောရှေကို ခေါ်ဆောင်ခဲ့ပါသည်။ သူ့ရှေ့တွင် ရက်ပေါင်း ၄၀ နေ့နှင့်ည ဆုတောင်းဖို့ ဖြစ်ပါသည်။ မောရှေက မည်သည့်အရာကို ရက်ပေါင်း ၄၀အတွင်း၌ ဘုရားသခင်ထံမှကြားခဲ့ရပါသနည်း။ ဘုရားသခင်၏ စကားတော်ကိုကြား၍ သူ၏ နှလုံးသားတွင် မည်သည့်ဆင်းရဲဒုက္ခကို ခံစားရပါသနည်း။ မောရှေက အပြစ်ရှိသော သူလူတွေနှင့် ဘုရားသခင်အကြားတွင် ရပ်လျက် သူလူမျိုးများ၏ အပြစ်အတွက် အသနားခံခဲ့ပါသည်။ ဘုရားသခင်ထံတွင် ကောင်းကင်စာရင်စာအုပ်ထဲမှ သူ၏ အမည်ကို ပယ်ဖျက်လျက်သူ၏ လူမျိုးများ၏ အသက်ကို ချမ်းသာပေးဖို့ရန်အထိ တောင်းဆို ခဲ့ပါသည်။ သမ္မာကျမ်းစာကို ကြည့်သောအခါ ထိုသို့ အသနားခံတောင်းဆိုမှုကြောင့် ဘုရားသခင်၏ စိတ်နှလုံးပြောင်းလဲသွားခဲ့ အကြောင်းကို တွေ့ရှိရပါသည်။

သင်၏ ဆုတောင်းချက်ကြောင့် ဘုရားသခင်က သူ၏ နှလုံးသားကို သင်၏ ကြေကွဲနေသော နှလုံးသားသို့ချထားလိုက်သည့်အချိန်က မည်သည့်အချိန်ဖြစ်ပါသနည်း။ ရောမ ၈:၂၆ တွင် ရှင်ပေါလုက ငါတို့သည် ဆုတောင်းသင့်သည့် အတိုင်း အဘယ်ဆုကို တောင်းရမည်ဟု မသိကြသို့ရာ တွင် ငါတို့ဆုတောင်းခြင်းအမှုကို နုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏ဟု ပြောဆိုခဲ့ပါသည်။ ဘုရား သခင်က ကျွန်ုပ်တို့အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို အခွင့်ပေးခဲ့ပါသည်။ သူက ဘုရားသခင်၏ စိတ်နှလုံးနှင့် သဘောထားကို သိကျွမ်းသူဖြစ်ပါသည်။ မည်သို့ ဆုတောင်း ရမည်ကိုလည်း ညွှန်ကြားပေးမည်သူ ဖြစ်ပါသည်။ သူက လမ်းပြပါလိမ့်မည်။

ကျွန်ုပ်ဆုတောင်းသင့်သည့်အရာကိုကျွန်ုပ်မသိပါဟုဘုရားသခင်ထံဒူးထောက်လျက်မေးမြန်းခဲ့သောအချိန်က မည်သည့်အချိန်ဖြစ်ပါသနည်း။ သင်ဆုတောင်းသင့်သည့်အရာကို ဘုရားသခင်က လမ်းညွှန်ပေးနိုင်သည့်ဟုသင်သိရှိကာ ဆာငတ်စွာဖြင့် ဆုတောင်းခဲ့ပါသလား။

သင်နှင့် သင့်အသင်းတော်၏ ဆုတောင်းချက်သည် သမိုင်းကြောင်းကို အဆုံးအဖြတ်ဖြစ်စေပြီး ယနေ့ ကျွန်ုပ်တို့ တိုင်းပြည်၏ အားနည်းသော အရာများနှင့် ရင်ဆိုင်တွေ့ကြုံ နေရသော ပျက်စီးမှုအပေါ် တတောင့်တနေရာမှ ပြန်လည်မတည်ဖို့ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ တိုင်းပြည်က မိသားစု အသက်တာ၏ အခြေအနေနှင့် ကိုယ်ကျင့်တရားများကကျွန်ပ်တို့မကြားသိခဲ့ဘူးသော အသစ်အဆန်းများဖြင့် နေရာတိုင်းတွင်တွေ့ကြုံနေရပါသည်။ ဆုတောင်းသည့် လူတွေကမည်သည့် နေရာတွင်ရှိကြပါသနည်း။ ဆုတောင်းသူရဲ့ ကောင်းများကို ဘုရားသခင်က မွေးထုတ်ချင်နေပါသည်။ ယနေ့ ကျွန်ုပ်တွေ့ကြုံရသည့် အရာမှာ ဆုတောင်းသည့်နေရာများများတွင် ဘုရားသခင်၏ လူတွေကနိုင်ငံအတွက် ဘုရားသခင်က ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့်တန်ခိုးတော်ရှိသည့်အချက်ကို ကြံ့ကြံ့ခံယုံကြည်မှုမရှိဘဲ မစောင့်စားနိုင်အောင်ပင် ဖြစ်ကြသည်ကို တွေ့ရှိရပါသည်။ ဤ သို့

ဘုရားသခင်နှင့် ရင်းနှီးဆက်သွယ်ခြင်းတခု အပေါ် လူတွေက မစောင့်စားနိုင်သောအခါဖြစ်ပျက်လာသည့်အရာကို သင်သိရှိပါသလား။ ဤအချက် က ဘုရားသခင်၏ အမျက်ဒေါသကို ထကြွစေပါသည်။ ကသရေလလူမျိုးများ၏ အသက်တာတွင် ဘုရားသခင်နှင့် ရင်းနှီးဆက်သွယ်မှုတခုခု သူ၏ လူတွေက သူ့ကို မမှီခိုသည့်အချက်အား ဘုရား သခင်ကသိရှိသောအခါအမျက်ထွက်လာပါသည်။မောရှေက ဟောရပ်အရပ်၌အမျက်ထွက်စေသဖြင့် ဘုရားသခင်ကသင့်ကိုဖျက်ဆီးလောက်အောင် အမျက်ထွက်တော်မူ၏ (တရား ၉:၈)ဟု ဖော်ပြခဲ့ပါသည်။

သို့သော်ဩဂုတ်လည်းယနေ့တွင် ကသရေလများ၏ အသက်တာကို မကြည့်ဘဲ ကသရေလလူမျိုးများ၏ ဘုရားသခင်ကိုကြည့်ရှုပါ။ သင့် အနေဖြင့် ဝိညာဉ်ရေးရာ ခေါင်းဆောင်(သို့) အခြားကဏ္ဍတခုမှခေါင်းဆောင်တဦးသော်လည်းကောင်း၊ မိသားစုကို ဦးစီးသောသူတစ်ဦးဖြစ်ပါက ဘုရားသခင်၏ သားသမီးများက ကျွန်ုပ်တို့ကို ဖျက်ဆီးနိုင်သည့်အချက်အားသတိပြုပါ။ သမိုင်းကြောင်းတလျှောက်၌ တိုင်းနိုင်ငံပျက်စီးနိုင်သည့်အချိန်ကာယခုအချိန်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ တန်ခိုးရှိသောလက်တော်ကသာလျှင် ကျွန်ုပ်တို့ကို ကယ်တင် နိုင်မည်ဖြစ်သည်။

ဘုရားသခင်က မောရှေထံသို့သူ၏ လူမျိုးများအပေါ် သူတို့၏အပြစ်အတွက် အလွန်အမျက်ထွက်သည့်အကြောင်းကို ပြောဆိုပြီးသူတို့ကို ဖျက်ဆီးပစ်ကာ မောရှေကိုမူ ကောင်းကြီးပေးလျက် ပြန်လည်အစပြုဖို့ရန်ပြောဆိုခဲ့ပါသည်။ အကယ်၍ သင်သာမောရှေ၏ နေရာတွင်ရှိနေမည်ဆိုလျှင် မည်သို့ တုန့်ပြန်ပါမည်နည်း။ ဤ အရာက သင်၏ဆုတောင်းသည့်အသက်တာပေါ်တွင်မူတည်လိမ့်မည်ဖြစ်သည်။ သူတို့၏ အသက်တာက ဆက်လက်အသက်ရှင် ကျန်ကြွင်းဖို့ရန် ဘုရားသခင်နှင့် လူတွေ၏ အကြားခံ့ ရပ်ဖို့ရန် ဘုရားသခင်၏ ဖိတ်ခေါ်ချက်ကိုသင်မည်သို့ဆုံးဖြတ်ချက်ချပါမည်နည်း။

တရားဟောကျမ်း ၉ နှင့် ၁၀ တွင် မောရှေက ဘုရားသခင်၏ မျက်မှောက်တော်သို့ သွားရောက်ကာ ရက်ပေါင်း ၄၀ နေ့နှင့်ည ဆုတောင်းဖို့ရန်သူ၏ လူတွေအတွက် ဒုတိယအကြိမ် အသနားခံခဲ့ပါသည်။ ဝန်တာစိတ်နှင့် ကရုဏာတရားဖြင့်ဤသို့မဆုတ်မနစ်ဆုတောင်း တောင်းသောကြောင့် ဘုရားသခင်၏ စိတ်တော်ကပြောင်းလဲသွားကာသူ့လူတွေကိုမဖျက်ဆီး တော့ဘဲ ဆုတောင်းသံကို နားညောင်းပေးခဲ့ ပါသည်။

ဘုရားသခင်၏ စိတ်နှလုံး

မည်သည့်အချိန်တွင် သင်သည် ဘုရားသခင်၏ စိတ်တော်ကို ထင်ရှားစွာထိတွေ့ ခံစားခဲ့ပါသနည်း။ သင်၏ အသင်းတော်အတွက် ဘုရားသခင်၏ စိတ်ထဲတွင် မည်သည့်အရာရှိပါ သနည်း။ သူတို့၏ အပြစ်ကြောင့် ဘုရားသခင်က အသင်းတော်ကို အဆုံးသတ်ဖျက်ဆီးနိုင်ပါသလား။ ဇဖက် အသင်းတော်ကို သူက သတိပေးခဲ့ပါသည်။ သင်သည် ရှေးဦးချစ်ခြင်းမေတ္တာကိုရွှေ့လျော့စေပြီဟု ပြောဆိုပြီးနောင်တမရပါကသင်၏ မီးခွက်ကို ရွှေ့မည်ဟုပြောဆိုခဲ့ပါသည်။ နောင်တမရပါက ပြင်ပသို့ နှင်ထုတ်ခံကြရမည် ဖြစ်သည်။

ပြင်းပြသော စိတ်နှင့် ကြန့်ကြန့်ခံလျက် ဆုတောင်းခြင်း

ဆုတောင်းခြင်းက သင့်ကိုယ်ကျိုးအတွက် ဘုရာသခင်ထံ ပြောဆိုခြင်းမဟုတ်ပါ။ သင့်ထံသို့ ဘုရာသခင်က သူ၏ စိတ်သဘောကို ပြောပြခြင်း ဖြစ်ပါသည်။ ဤသို့ သူနှင့် တွေ့ဆုံခြင်းဖြင့် သင်၏ အသက်တာက အမှန်ပင် ပြောင်းလဲ လိမ့်မည် ဖြစ်သည်။ သင်၏ အသက်တာပုံစံ စကားပြောပုံ စီမံချက်အချိန်ကိုအသုံးပြုခြင်းစသည့် အရာများက စစ်မှန်စွာဖြင့်ပြောင်းလဲသွားမည်ဖြစ်သည်။ သင့် နိုင်ငံက အကြပ်အတည်း ကျရောက် နေသည်ဟု ထင်မြင်ပါသလား။ စစ်မှန်သောပြောင်းလဲမှု လိုအပ် သည်ဟုထင်မြင်ပါသလား။ သူကိုသိကျွမ်းသူ တစ်ဦးအားဖြင့် ဘုရားသခင်၏ ကြီးမားသော ထို့ထိမှုက လိုအပ် သည်ဟု ထင်မြင် ပါသလား။ သူ၏ စိတ်သဘောကို သိကျွမ်းကာ သူက ပြန်လည် တုန့်ပြန်သည့်အထိတိုင် ဆုတောင်းဖို့ရန်သင့်တွင် ပြင်းပြသောဆန္ဒရှိပါသလား။ ဤအရာကို ဆုတောင်း ယုံလေးဖြင့်လုပ်ဆောင် နိုင်မည်တော့ မဟုတ်ပါ။ ပြင်းပြသော စိတ်မဆုတ်မနှစ်သော ဇွဲလုံ့လ၊မခြားမလပ် ဆုတောင်းချက်က လိုအပ်လိမ့် မည် ဖြစ်သည်။

ရှင်လုကာ ၁၈တွင် ယေရှုက မရပ် မနားဘဲ အမြဲဆုတောင်းတောင်း သင့်သည့် အကြောင်းကို ပြောဆိုပါသည်။ တရားသူကြီး တပါးထံ အမှုစီရင်ပေးဖို့ရန် လာသောမုဆိုးမ၏ အကြိမ်ကြိမ်ပန်ကြားချက် အကြောင်းကို ဥပမာ ဖြင့် ဖော်ပြခဲ့ပါသည်။ နေ့ညမပြတ် ဆုေတာင်း သူ၏ အသံကို ကောင်းကင်ဘုံမှ ခမည်းတော်

သင်မသိဘူးသော ဆုတောင်းခြင်းအဆင့် တခုနှင့် ဘုရားသခင်က သင့်ကို ဆုတောင်းစေချင် သည့်အကြောင်းကို သင်ခံစားမိပါသလား။ သူနှင့် ဤအသစ်သော ရင်းနှီးဆက်သွယ်ခြင်းက သင်၏ နှလုံးသားအပေါ် စိုးမိုးကာသူ၏ စိတ်သဘောကို ခင်းကျင်းပေးဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏ စိတ် သဘောကို မောရှေက သိရှိသောအခါ ချက်ချင်းပင် ကိုယ်စားပြုဆုတောင်းခြင်းထဲသို့ တိုးဝင်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်က ယနေ့တွင် သူ့ကို ယုံကြည်သောသူ သူစကားကို နားထောင်မည်သူများကို ရှာဖွေနေပါသည်။ ကျွန်ုပ်တို့ တိုင်းနိုင်ငံ၏ လိုအပ်ချက်အတွက် ရှာဖွေနေခြင်းဖြစ်သည်။ ဤကဏ္ဍကို သူ၏ သားသမီးများကသာ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။ နိုင်ငံရေးသမားများက ဖြည့်ဆည်း ပေးနိုင်မည် မဟုတ်ပါ။ ဘုရားသခင်၏ သားသမီးများအပေါ် ဘုရားသခင်က ချဉ်းကပ်ပြီး ရင်းနှီးဆက်သွယ်ခြင်း ဖြင့် သူ၏ စိတ်သဘောကို သိကျွမ်းစေလိုပါသည်။ သင့်အပေါ် ဘုရားသခင်က လုပ်ဆောင်ဖို့ရန် သင် အသင့်ရှိနေပါသလား။ ဘုရားသခင်ကိုကိုးစား ခြင်းဖြင့် သူ၏ စိတ်သဘောကို သင်၏ နှလုံးသား ထဲသို့ ချဖို့ရန် ခွင့်ပြုပါသလား။ သူသည် သင့် အပေါ်၌လုပ်ဆောင်ခဲ့ဘူးသောအရာကိုလုပ်ဆောင် လာပါလိမ့်မည်။ သင့်အသက်တာ အားဖြင့် ကျွန်ုပ်တို့၏ တိုင်းနိုင်ငံအလယ်တွင် သင့်ကို အသုံးပြုကာ သူ၏ တန်ခိုးတော်ကို ထင်ရှားစေ နိုင်ပါစေ။

နားညောင်းသည်ဟု ပြောဆိုခဲ့ပါသည်။ ကျမ်းစာ၏ ဖော်ပြချက်အတိုင်းပင် ဤလောကတွင် ဤ သို့ သောယုံကြည်ချက်မျိုးကို သူတကယ်ပင် တွေ့ရှိ နိုင်ပါမည်လား။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဘုရား သခင်က ဖွင့်ပြပါက သူကို သိကျွမ်းသော သူနှင့် သူ၏ မျက်မှောက်တော်တွင် ပြင်းပြစွာဖြင့် အချိန် ယူ ဆက်ကပ်သောသူကို သူတွေ့ရှိပါမည်လား။

ဤသို့သော အချိန်က ကျွန်ုပ်တို့နိုင်ငံ၏ အခြေအနေထဲတွင်ဖြစ်နေပါသည်။ သူ၏စိတ်သဘော အတိုင်း တောင်းလျှောက်မည့် သားသမီးများကို သူအလိုရှိနေပါသည်။ သင်၏ ကိုယ်ပိုင်ဆုတောင်းခြင်း အသင်းတော်၏ ဆုတောင်းခြင်းများ၌အားလုံးက ရိုး သားစွာဖြင့်ဘုရားသခင်၏အလိုတော်အတိုင်းတောင်း လျှောက်ပါသလားဟု မေးချင်းပါသည်။ သင် အသက် တာတွင် မြင်ယောင်လျက် ဆုတောင်းခြင်းကို တာဝန်တခုအဖြစ် သတ်မှတ်ကာ ဘုရားသခင်က လုပ်ဆောင်စေလိုသည့်အတိုင်း ထည့်သွင်းဆု တောင်း ဖို့ရန် စီစဉ်ပါသလား သို့မဟုတ် ကျွန်ုပ်သည် ဘုရား သခင်၏ သားဖြစ်သည်ဟု ပြောဆိုနိုင်ပါ သလား။(သို့) ဆုတောင်းခြင်းကို ကျွန်ုပ်အထူးတလည် မလုပ်ဆောင် သေးပါဟု ပြေဆိုပါသလား။

သမ္မာကျမ်းစာထဲ၌ ဘုရားသခင်က တစ်စုံ တစ်ခုကို လုပ်ဆောင်သောအခါ သူ့ရှေ့တွင် ရောက် ရှိလာမည့် သူတယောက်ကိုရွာဖွေကာ သူ၏ ဆုတောင်းချက်ထဲ၌ သူ၏ အလိုတော်ကို ချပေးပါ သည်။ သင် ကကော ဤသို့သော ပုဂ္ဂိုလ်ဖြစ်နိုင်ပါ သလား။ ဆုတောင်းသည့် အချက်ကို သင်သိကျွမ်း နိုင်ဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်ကပြောပြ ပေးမည်ဖြစ်ပါသည်။ ဤသို့သောအချိန်နာရီကို ကျော်လွန်၍ မသွားပါနှင့်။ ဘုရား သခင်က သင်၏ အသက်တာကို ရွာဖွေနေပါ သည်။ သူက သင့်ကို သွေးဆောင်နေပါသည်။ သမိုင်းကြောင်းတခုကို ပြောင်းလဲဖို့ရန် သင့်ကို ထူးခြားစွာအသုံးပြုလို သည့်အကြောင်းကိုသဘောပေါက်စေလိုပြီးမည်သို့ ဆုတောင်းရမည်ကို သင့်အားပို့ချလိုင်ပါသည်။

ထို့ကြောင့် ငါတို့သည်နေမြဲအရပ်သို့ သွား၍ သခင်ဘုရားထံတော်၌ နေမြဲနေခြင်းငှါ အလိုရှိလျက် ရဲရင့်သော စိတ်နှင့် ပြည့်စုံကြ၏။ အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ ကျင့်သောအကျင့် ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအဖြစ်ကို အသီးသီးခံခြင်းငှာ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ပေါ်လာကြမည်။ သို့ဖြစ်၍ သခင် ဘုရားနှင့်ဆိုင်သော ကြောက်မက်ဘွယ်သော အကြောင်းအရာတို့ကို ငါတို့သည် သိလျှင် လူများ ကို နှိုးဆော်သွေးဆောင်ရမည်ဖြစ်၍ ဘုရား သခင် ရှေ့တော်၌ ထင်ရှားကြ၏။ သင်တို့၏ စိတ်လည် ထင်ရှားကြသည်ဟု ငါထင်မှတ်၏ (၂ကော ၅:၉-၁၁)။

ဘုရားသခင်က သင်၏ မိသားစု, အသင်း တော်(သို့) မြို့၊ ပြည်နယ်၊ နိုင်ငံ၏ သမိုင်း ကြောင်းကို ပြောင်းလဲစေနိုင်သော ဆုတောင်း ပုဂ္ဂိုလ်တဦးဖြစ်ဖို့ရန် သင့်အသက်တာ၌မည်သည့် နိုးဆော်ချက်ကလိုအပ်ပါသနည်း။သင့်အနေဖြင့် သူ့ကို ကိုးစားပါက ဘုရားသခင်ကလုပ်ဆောင်နိုင် မည်ဟု ယုံကြည်ပါသည်။ သင်ကတော့ ဤ သို့ သောပုဂ္ဂိုလ်ဖြစ်ပါသလား။ သင့်အတွက်တော့

ကျွန်ုပ်ကဆုံးဖြတ်ချက်မပေးနိုင်ပါ။ ဘုရားသခင်ကတော့သင်၏ရှေ့ဆက်လုပ်ဆောင်မည့်အရာလည်းကြည့်ရှုနေပါသည်။ဘုရားသခင်၏ သမ္မတရားကိုသင်သဘောပေါက်သောအခါ ယုံကြည်ခြင်းဖြင့်သင်ရှေ့ဆက်လုပ်ဆောင်သည့်အရာကို ထာဝရဘုရားကချိန်ခွင်ဖြင့်ချိန်တွယ်ကာကြည့်ရှုမည်ဖြစ်သည်။ထိုချိန်ခွင်ကိုသင်ဆွဲကိုင်ထားပါသည်။

ဘုရားသခင်၏ တန်ခိုးတော်ကို တောင့်တရှာဖွေခြင်း

(Earnestly Seek God's Power)

By James Smitt (1802–1862)

ယခုပစ္စုပ္ပန်ကာလတွင်ဝိညာဉ်တော်တန်ခိုးက အလွန်ပင်လိုအပ်နေပါသည်။ အထက်မှဝိညာဉ်တော်၏ တန်ခိုးတော်က ကျွန်ုပ်တို့လိုအပ်သောအရာဖြစ်ပါသည်။လောကတွင်ပညာရှင်များက ကျွန်ုပ်တို့အတွက် အနည်းကျဉ်းသာ လုပ်ဆောင်ပေးနိုင်သောကြောင့် သူတို့ကို ကိုးစားခြင်းသည် ကျဆုံးခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏လိုအပ်ချက်က မည်သည့်အရာဖြစ်ပါသနည်း။ ရှေးခေတ်တပည့်တော်များကဲ့သို့ ယေရှုနှင့် ပိုပြီးလျှောက်လှမ်းဖို့ရန်ဖြစ်ပါသည်။ သူတောင်းဆိုသော ကျင့်ဝတ်များကို လိုက်လျှောက်ကြဖို့ ရန် လိုအပ်ပြီ ကျွန်ုပ်တို့က ဝိညာဉ်တော်၏ ချစ်ခြင်းမေတ္တာနှင့် တန်ခိုးတော်၊ ကောင်းသော စိတ်သဘော၊ မရှိခဲ့ဘူးသော အရည်သွေးကိုမရရှိပါက အထမြောက်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်သောကြောင့် သူ၏ အစေကိုခံဖို့ရန်အတွက် မိမိကိုယ်မိမိ ငြင်းပယ်လျက် ဆက်ကယ်ကာ စေတနာသဒ္ဓါတရားဖြင့် လုပ်ဆောင်လျက် စိတ်အားထက်သန်မှုကို တိုးပွားစေဖို့ရန် လိုအပ်ပါသည်။

ဤသို့သောအခြေအနေကို ရယူဖို့ရန် အတွက်မည်သူကို ကြည့်ရှုရပါမည်နည်း။ ဘုရားသခင်နှင့် သူ၏ တန်ခိုးတော်ကိုကြည့်မှသာလျင် ဤအရာများကို ပြည့်စုံစေနိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူပါရှိပါက ခပ်သိမ်းသောအရာကဖြစ်နိုင် ပါသည်။မဖြစ်နိုင်သောအရာမရှိပါ။ ကျွန်ုပ်တို့၏ အတွင်းပိုင်းသို့ တန်ခိုးတော်၏ လုပ်ဆောင် ချက်ကို တောင်းဆိုကြမည်ဆိုလျှင် သူက တတ်စွမ်းနိုင်ပါသည်။ လုပ် ဆောင်ပေးလိမ့်မည်ဖြစ်သည်။

ခရစ်တော်မပါလျှင် ကျွန်ုပ်တို့က မည်သည့်အရာမှ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ သို့သော် ခရစ်တော် ပါရှိမည်ဆိုလျှင် ခပ်သိမ်းသောအရာများကို ကျွန်ုပ်တို့က လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ တန်ခိုးတော်က ဘုရားသခင်ပိုင်ဆိုင်သောအရာဖြစ်ပါသည်။ သူက အားနည်းသောသူများအပေါ်သို့သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တန်ခိုးတော်ကို ဖြည့်စွက်ဖို့ရန် ဂတိပေးထား ပါသည်။ ဤတန်ခိုးတော်ကို တမန်တော်များက အသုံးပြုကြပါသည်။ သူက သန့်ရှင်းစင်ကြယ်ပြီး

အသုံးပြုနိုင်မည့် သူများကို တိုင်းတာကာ ပေးအပ်ခဲ့ပါသည်။ အထူးသဖြင့်တောင့်တ ဆန္ဒရှိသော သူများထံ ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့က မရရှိပါက အလိုဆန္ဒမရှိ၍သာဖြစ်ပေလိမ့်မည်။ ဤအရာထက် အခြားသော အရာများကို မသင့်လျော်သော ရည်ရွယ်ချက်အတွက်ရှာဖွေခြင်းသာ ဖြစ်ပေလိမ့်မည်ဘုရားသခင်ကသူပေးသောဂတိကိုဘယ်သော အခါမှမဖျက်ပါ။ သူက ယနေ့တွင်ရှိနေပါသည်။ ဂတိပြုချက်ကို မပြင်ဆင်သောသူဖြစ်ပါသည်။ ယခုကာလတွင်သူ၏ ကျေးဇူးတော်ကို အသုံးပြုနိုင်ပါသည်။လက်ရှိအသင်းတော်နှင့်လောကအတွက်တော့ သူ၏ တန်ခိုးတော်က လိုအပ်နေသောအရာဖြစ်ပါသည်။

ကုန်လွန်ခဲ့သောအချိန်များတွင်လည်း ပြသခဲ့ပြီးဖြစ်ပါသည်။ ယေရှုကတန်ခိုးတော်ကို ပေးကမ်းသောသူဖြစ်သကဲ့သို့ မနေ့ယနေ့ မပြောင်းလဲသော သူ ဖြစ်ပါသည်။ သူ၏ အသင်းတော်က ပိုင်ဆိုင်ပြီး အသုံးပြုသောအချိန်တွင်ကျွန်ုပ်တို့ကလည်းပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့က ပြည့်စုံ စွာ ရှာဖွေနိုင်မည့်အချိန်ပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ တကိုယ်ကောင်းဆန်မှုမေတ္တာခေါင်းပါးမှုလောကကိုတပ်မက်မှုစသည့်လောကဆန်သောအရာများအတွက်နောင်တရလျက် ဘုရားသခင်၏ ရှေ့မှောက်၌ နှိမ့်ချကြပါစို့။ လူကို အခြေပြုလျက် ဖန်ဆင်းခံသည့် အရာများအပေါ်မှီခိုမိသည့်အရာအားလုံးကိုချွတ်ပစ်ကြပါစို့ဘုရားသခင်တပါးတည်းကိုသာမှီခိုကြပါစို့။ ကယ်တင်ရှင်ပေးသောဂတိတော်၊ သူ၏ စောင့်ရှောက်မှု၊ တပည့်တော်များ၏ဆုတောင်းချက်များကို ယုံကြည်လက်ခံကြပါစို့။ သင့်အပေါ်သို့သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်သောအခါ သင်သည်တန်ခိုးတော်ကို ခံရပါလိမ့်မည်။ (တမန် ၁:၈)

သူ၏ဂတိတော်ကို ယုံကြည်ကြီး ဘုရားသခင်၏ တန်ခိုးတော်အတွက် စိတ်ထက်သန်လျက် လုံးလဝိရိယဖြင့်အမြဲဆုတောင်းကြပါစို့၊လောကတွင်လည်းကောင်း သူ၏ အသင်းတော်တွင်လည်းကောင်း၊ တပါးသူများ၏ အမှားကိုရှာဖွေခြင်းအပြစ်ရှာခြင်းတို့ကိုမပြုကြပါစို့နှင့် ဤအရာများနှင့်ကင်းရှင်းကြပါစို့၊ ဤအရာသည် ကျွန်ုပ်တို့ ဆိုးသွမ်းသူများအတွက် ကုထုံးတခုဖြစ်ပါသည်။ ဤ ကုထုံးကို လက်ခံကြပါစို့၊ လူများစွာ လျှောက်သည့်လမ်းသို့ မလိုက်လျှောက်ကြပါစို့နှင့် ကျွန်ုပ်တို့၏ လိုအပ်ချက်အတွက် နက်နဲစွာ မစဉ်းစားကြပါစို့နှင့် ကျွန်ုပ်တို့ရဲ့ အခြေအနေကို ထိန်းသိမ်းကြပါစို့ အပြစ်များကို မြင်ပြီးတောင်းပန်ကြပါစို့၊ ဘုရားသခင်၏ ကျေးဇူးတော်ကို မှီခိုကြပါစို့၊ ကျွန်ုပ်တို့အပေါ်အထက်မှသန့်ရှင်းသော
ဝိညာဉ်တော်ဆင်းသက်လာသည့်အထိတိုင်အောင် စောင့်ကြပါစို့။

“အို သခင်ဘုရား - စိတ်ရှည်သည်းခံခြင်းဖြင့်ယုံကြည်နိုင်ဖို့ရန် ဆုတောင်းခြင်းတန်ခိုးတော်ကို ကျွန်ုပ်အား ပေးသနားတော်မူပါ။ အောင်မြင်ခြင်းဖြင့် လုပ်ဆောင်နိုင်ဖို့ရန် လိုအပ်သော တန်ခိုးတော်အား ကျွန်ုပ်ကို ပေးသနားတော်မူပါ။

ကျေးဇူးတင်စကား

ပြန်လည်ကြွေလာခြင်းသတင်းကောင်းစာစောင်ကို ထုတ်ဝေစေနိုင်သော ဘုရားသခင်ကို ချီးမွမ်းပါသည်။ ဘုရားသခင်၏ နှုတ်ကပါတ်တော်သည် ယုံကြည်သူများအတွက်ခွန်အားဖြစ်ပါသည်။ သမ္မာကျမ်းစာ ကို ကျန်တော်ပုံမှန် ဖတ်ရှုလေ့လာသည့်အပြင် ဤကဲ့သို့သော ကျမ်းတတ် ပုဂ္ဂိုလ်ကြီးများမှ ရေးသော သတင်းစကားကို ဖတ်ခြင်းအားဖြင့်လည်း ဝိညာဥ်ခွန်အားများကို ရရှိနိုင်ပါသည်။ ယခုခေတ် ကာလ နေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ထိုကြောင့် သတိမရှိသောသူ မဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြင်း၍ သိသောသူ ဖြစ်ကြလော့။ဟု သမ္မာကျမ်းစာ သင်ပေးခြင်းကို သတိပြုလိုက်နာသင့်ပါသည်။

ချစ်သောမိတ်ဆွေ၊ ဤ သတင်းကောင်းစာစောင်ကို အောက်လိပ်စာဖြင့် ဆက်သွယ်မှာယူနိုင်ပါသည်။

Rev.Run Lian

P.O.Box 2349

Yangon

Thar Yar Kone Village, No.(4) Main Road, Hmawbi Township, Yangon

Tel: 09452112354, Email dts4christ@gmail.com